# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် [illegible] တွင် စတင် တည်ထောင်သည်။ Established in 1957


**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့။ Monday 21 January 2019 ၅၅၃၈


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချင်းပြည်နယ် ထန်တလန်မြို့နယ်ရှိ သီကီရ်ရေလှောင်တမံနှင့် အသေးစားရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်တို့ သီကီရ်ရေလှောင်တမံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

**ဟားခါး ဇန်နဝါရီ ၂၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးမင်းသူနှင့် ဦးအောင်သူ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ကလေးမြို့သို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် တာဝန်ရှိသူများက ကလေးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြပြီး ချင်းပြည်နယ် ထန်တလန်မြို့သို့ ရောက်ရှိကြရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် သီကီရ်ရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများနှင့် စီမံကိန်းဆောင်ရွက်နေစဉ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ထန်တလန်မြို့နယ် သီကီရ်ကျေးရွာအနီး၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့သည့် သီကီရ်ရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိရာ ဒေသခံပြည်သူများက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကို ဂုဏ်ပြုစပ်ဆိုထားသည့် ရိုးရာတေးသီချင်းကို ဂုဏ်ပြုသီဆိုကြသည်။

> “အရေးကြီးတာက ကျွန်မတို့နှလုံးသားချင်း နီးစပ်ဖို့ပါပဲ။ ပြောတဲ့ဘာသာစကားချင်းမတူပေမယ့် နှလုံးသားထဲက စေတနာ၊ မေတ္တာချင်းတူရင် ကျွန်မတို့နိုင်ငံဟာ အင်မတန်မှ ပျော်ရွှင်ချမ်းမြေ့တဲ့နိုင်ငံကြီးဖြစ်မယ်ဆိုတာ မုချမလွဲယုံကြည်နိုင်တဲ့ကိစ္စ ဖြစ်ပါတယ်”

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားရာတွင် “အခု လာရောက်ကြိုဆိုတဲ့ ပရိသတ်တွေအားလုံးကို ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘုရားသခင်ကောင်းချီးပေးပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ပထမဦးဆုံး ကျွန်မတောင်းပန်ရမှာကတော့ ကျွန်မက ဒေသခံဘာသာစကားနဲ့ ဒီလိုနှုတ်ခွန်းဆက်နိုင်တဲ့ အခြေအနေ မရှိတာကို တောင်းပန်ပါတယ်။ ဒါကလည်း ကျွန်မတို့နိုင်ငံက ပြည်ထောင်စုကြီးဆိုတော့ တိုင်းရင်းသားလူမျိုးစုံ၊ ပြောတဲ့စကား အမျိုးစုံရှိတဲ့နိုင်ငံ


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**





# ကြေးမုံ

## ပြည်ပပို့ကုန်မြှင့်မားရေး ဈေးကွက်မြှင့်တင်

ယခုရက်ပိုင်းအတွင်း ပြည်ပပို့ကုန်ဆိုင်ရာ ဂယက်ရိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံ မူဆယ်နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း မတည်ငြိမ်မှုများနှင့် အီးယူမှကုန်သွယ်မှုအပေါ် အထူးအခွင့်အရေးပေးထားသည့် GSP ကို ပြန်လည်ရုပ်သိမ်းခဲ့ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ပြည်ပပို့ကုန်တင်ပို့ခြင်းဆိုင်ရာတို့တွင် ဂယက်ရိုက်မှုရှိခဲ့ရာ လတ်တလောတွင် အခက်အခဲအနည်းနှင့်အများရှိနိုင်မည်ဟု ယူဆပါသည်။

ဝယ်လက်နိုင်ငံတို့၏ အကျိုးစီးပွားနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ ပြည်ပသွင်းကုန်များကို ကန့်သတ်ခြင်း၊ ဆိုင်းငံ့ခြင်းကြောင့် လတ်တလောတွင် မြန်မာနိုင်ငံ၏ အကျိုးစီးပွားထိခိုက်နစ်နာမှု ရှိနိုင်သည်ဆိုသော်လည်း အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းလက်တွဲ၍ ထုတ်ကုန်အရည်အသွေးမြှင့်တင်ခြင်း၊ ဈေးကွက်သစ်များ ရှာဖွေခြင်းတို့ကို ဟန်ချက်ညီညီ ကြိုးပမ်းတီထွင်ကြံဆလုပ်ကိုင်နိုင်ကြပါက ရေရှည်တွင် မြန်မာ့ပို့ကုန်၊ မြန်မာ့စီးပွားရေးတိုးတက်မြင့်မားမည်ဟု ယုံကြည်ပါသည်။

အီးယူသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး နိုင်ငံရေးအခြေအနေအပေါ်မူတည်ပြီး မြန်မာနိုင်ငံနှင့်ပတ်သက်၍ မူဝါဒအမျိုးမျိုး ပြောင်းလဲချမှတ်လေ့ရှိသည်။ ယခုလက်ရှိတွင် အီးယူနိုင်ငံတစ်နိုင်ငံမှ လယ်သမားများထိခိုက်နစ်နာသည်ဟုအကြောင်းပြချက်ဖြင့် မြန်မာနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံတို့အား ပေးအပ်ထားသည့် ကုန်သွယ်မှု အထူးအခွင့်အရေးကို ပြန်လည်ရုပ်သိမ်းလိုက်ခြင်းဖြစ်သည်။ အဓိကမှာ ဆန်တင်ပို့မှုဖြစ်ပြီး အီးယူသို့တင်ပို့သည့် ဆန်ကုန်သွယ်မှုပမာဏမှာ မများလှသဖြင့် စိုးရိမ်ဖွယ်ရာမရှိဟု ဆိုနိုင်သည်။

လက်ရှိ၌ အီးယူနိုင်ငံများသို့ ဆန်တန်ချိန် သုံးသိန်းခွဲတင်ပို့ခဲ့ပြီး မြန်မာနိုင်ငံမှ ဆန်တင်ပို့မှု၏ ၁၀ ရာခိုင်နှုန်းသာရှိသည်။ တင်ပို့သည့်ဆန်မှာ ဆန်ကောင်းတန်ချိန် ငါးသောင်းခန့်သာရှိပြီး ကျန်ပမာဏမှာ ဆန်ကွဲများသာဖြစ်သည်။ မြန်မာနိုင်ငံမှ ပြည်ပပို့ကုန်ဆန်ကို တရုတ်၊ အာဖရိက၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်နှင့်အီးယူနိုင်ငံများသို့တင်ပို့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အများဆုံးတင်ပို့သည်။ လက်ရှိကာလတွင် ဈေးကွက်မတည်ငြိမ်မှုများမှာ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဖြစ်ပေါ်နေပြီး အီးယူသို့ ဆန် ၁၀ ရာခိုင်နှုန်းတင်ပို့မှုရပ်ဆိုင်းခြင်းအပေါ် ထိခိုက်နစ်နာမှု ကြီးကြီးမားမားမရှိနိုင်ချေ။

သို့ရာတွင် မူဆယ်နယ်စပ်ကုန်သွယ်ရေးတွင် ဆန်တင်ပို့မှု ကျဆင်းခြင်း၊ တရားမဝင်ကုန်သွယ်မှုများ ရှိနေခြင်းနှင့် ယခု အီးယူမှ ကုန်သွယ်မှုအထူးအခွင့်အရေး ရုပ်သိမ်းခြင်းတို့ကြောင့် ပြည်ပပို့ကုန်တင်ပို့ရေးတွင် လတ်တလော၌ ဂယက်ရိုက်ခတ်မှု ရှိမည်မှာအမှန်ဖြစ်သည်။ ထိုဂယက်ရိုက်ခတ်မှု နောက်ဆက်တွဲအဖြစ် အခြားပြည်ပဝယ်လက်များ မြန်မာနိုင်ငံမှ ပို့ကုန်များအပေါ် ဈေးနှိမ်ဝယ်ခြင်းများ ဖြစ်ပေါ်လာနိုင်သည်ကိုလည်း သတိပြုရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဆန်စပါး အဓိကစိုက်ပျိုးသော နိုင်ငံဖြစ်သည်။ ရှေးအစဉ်အဆက် မြန်မာနိုင်ငံမှထွက်ရှိသောဆန်ကို ကမ္ဘာ့အရပ်ရပ်သို့ တင်ပို့နိုင်ခဲ့သည်။ ယခုလက်ရှိတွင် မြန်မာ့ဆန်ကို ပြည်ပနိုင်ငံများသို့ တန်ချိန် ၁ ဒသမ ၈ သန်းတင်ပို့ပြီးသွားပြီဖြစ်ကြောင်း သိရသည်။ ယခင်နှစ်များက ပြည်ပသို့ ဆန်တန်ချိန် သုံးသန်းကျော် တင်ပို့နိုင်ခဲ့သော်လည်း ယခုဖြစ်ပေါ်ခဲ့သောကုန်သွယ်ရေးဂယက်ရိုက်ခတ်မှု အချို့ရှိသောကာလတွင် ပြည်ပသို့ ဆန်တန်ချိန် ၂ ဒသမ ၆ သန်းခန့် တင်ပို့နိုင်မည်ဟု ခန့်မှန်းထားသည်။

မည်သို့ပင်ဖြစ်စေ ကမ္ဘာ့စီးပွားရေးဂယက်၊ မြန်မာ့ကုန်သွယ်ရေး မတည်ငြိမ်မှုတို့ကြောင့် ပြည်ပပို့ကုန်များ လတ်တလောကျဆင်းနိုင်သော်လည်း အစိုးရနှင့်ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ကြမည်ဆိုလျှင် ရေရှည်တွင် အခက်အခဲများကို ကျော်လွှားသွားနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် ထုတ်ကုန်အရည်အသွေးမြှင့်မားရေး၊ ဈေးကွက်အသစ်များ တိုးချဲ့ရှာဖွေရေးကို ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့လာမည်ဟု ယုံကြည်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို တောင်ငူစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးရုံးနှင့် သံတောင်ကြီးမြို့နယ်ရှိ ဆေးဝါးစိုက်ကွင်းများအား ကြည့်ရှုစစ်ဆေး



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဆေးဝါးကုန်ကြမ်းစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးရုံး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးအရင်းအနှီး၊ နည်းပညာနှင့် အခြားလိုအပ်ချက်များရရှိအောင် အစွမ်းကုန်ကူညီပံ့ပိုးပေးရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများသို့ ကိုယ်တိုင်သွားရောက်ပြီး လက်တွေ့ကွင်းဆင်းကြည့်ရှုမှသာ ၎င်းတို့၏ အခက်အခဲများကိုသိရှိပြီး ထိရောက်စွာ အကူအညီပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဒေသထွက်စိုက်ပျိုးရေးထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်လာနိုင်စေရန် ၎င်းတို့လိုအပ်သော နည်းပညာများ ရရှိအောင် ချိတ်ဆက်ပေးရမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအကျိုးစီးပွားများ မထိခိုက်စေရန်အတွက် ပြဋ္ဌာန်းထားသောဥပဒေ၊ နည်းဥပဒေများနှင့်အညီ စစ်ဆေးကြပ်မတ်ထိန်းကျောင်း တည့်မတ်ပေးရမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကနှင့် ဟန်ချက်ညီညီ ပူးပေါင်း ဆောင်ရွက်သွားကြရန်နှင့် ဝန်ထမ်းများအနေဖြင့် မိမိတို့၏ စွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရေး စဉ်ဆက်မပြတ်လေ့လာသင်ယူကြရန်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်ရှိ ဆေးဝါးကုန်ကြမ်းစိုက်ခင်းများသို့ ရောက်ရှိပြီး ငှက်ဖျားရောဂါ ကုသဆေးဖြစ်သည့် ကွီနင်းဆာလ်ဖိတ် (Quinine sulphate)ထုတ်လုပ်ရန်အတွက် စင်ကိုနာပင်များ စိုက်ပျိုးထားရှိမှုအခြေအနေ၊ ချောင်းဆိုးပျောက်ဆေး(Chericof) ထုတ်လုပ်ရန်အတွက် မုယာကြီးပင်များ စိုက်ပျိုးထားမှုအခြေအနေနှင့် စင်ကိုနာပျိုးပင်ခြံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုန်ကြမ်းပင်များ အလေအလွင့်မရှိဘဲ စနစ်တကျ မျိုးထိန်းထားရန်၊ ပွင့်လင်းရာသီတွင် တောမီးကူးစက် မလောင်နိုင်စေရေး စိုက်ကွင်းတစ်ဝိုက် မီးတားလမ်းများကို ကြိုတင်ဖောက်လုပ်ထားရန်၊ မြေလွတ်ရှိသောနေရာများတွင် ဆေးဝါးကုန်ကြမ်းသီးနှံများအပြင် ရေမြေရာသီဥတုနှင့် ကိုက်ညီမည့် ကော်ဖီပင်နှင့် ဖာလာပင်ကဲ့သို့ အခြားနှစ်ရှည်ပင်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ နိုင်ငံပိုင်မြေလွတ်မြေရိုင်းများကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြဝတီမြို့၌ စားသုံးသူရေးရာနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**မြဝတီ ဇန်နဝါရီ ၂၀** ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ဝါးတောစိုက်ပျိုးရေးဇုန်တွင် စားသုံးသူရေးရာနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ဌာနပေါင်းစုံပါဝင်သည့်အဖွဲ့က ယနေ့နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ အသိပညာပေးဟောပြောရာ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက စားသုံးသူရေးရာအကြောင်းနှင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ အကြောင်းအရာများကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာဖတ်ခြင်းအကျိုး သိကောင်းစရာများကိုလည်းကောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာသည့် ကျေးရွာပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



ချင်းပြည်နယ် ထန်တလန်မြို့နယ် သီကီရ်ကျေးရွာအနီးတွင် တည်ဆောက်ထားသော သီကီရ်ရေလှောင်တမံကို တွေ့ရစဉ်။ *သတင်း-ရွှေဖုံး*

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်

သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သီကီရ်အသေးစားရေအားလျှပ်စစ်စက်ရုံကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

❖ ရှေ့ဖုံးမှ

ဆိုတော့ အခက်အခဲတွေဖြစ်တတ်ပါတယ်။ ဒါပေမယ့် အရေးကြီးတာက ကျွန်မတို့ နှလုံးသားချင်းနီးစပ်ဖို့ပါပဲ။ ပြောတဲ့ ဘာသာစကားချင်းမတူပေမယ့် နှလုံးသားထဲက စေတနာ၊ မေတ္တာချင်းတူရင် ကျွန်မတို့နိုင်ငံဟာ အင်မတန်မှ ပျော်ရွှင်ချမ်းမြေ့တဲ့ နိုင်ငံကြီးဖြစ်မယ်ဆိုတာ မုချမလွဲယုံကြည်နိုင်တဲ့ကိစ္စ ဖြစ်ပါတယ်။ ကျွန်မတို့ အခု ဒီမှာ လာတဲ့အခါ သီချင်းလေးနဲ့ ကြိုဆိုပါတယ်။

**နှလုံးသွင်းထားပြီးသားဖြစ်**

သီချင်းလေးထဲမှာ ကျွန်မကို ဗိုလ်ချုပ်အောင်ဆန်းသမီးအနေနဲ့ ကြိုဆိုတဲ့အခါ အရင်ချင်းပြည်နယ်ကို လာတုန်းကလည်း ဒို့ဗိုလ်ချုပ်သမီးဆိုပြီး ကြိုဆိုတာကို မှတ်မိပါတယ်။ ဒါကြောင့် ကျွန်မတို့အပေါ်မှာ ချင်းတိုင်းရင်းသားများထားတဲ့ မေတ္တာ၊ စေတနာဟာ အမြဲတန်ဖိုးကြီးတယ်ဆိုတာ ကျွန်မနှလုံးသွင်းထားပြီးသားဖြစ်ပါတယ်။ သီကီရ်ရေလှောင်စီမံကိန်းက တစ်နည်းအားဖြင့် သေးငယ်တယ်လို့ပြောလို့ရပေမယ့် ဒီရေလှောင်တမံရဲ့ အကျိုးဆက်တွေကို ကြည့်လိုက်ရင် ကျွန်မတို့နိုင်ငံ တစ်နိုင်ငံလုံးမှာ လိုအပ်နေတဲ့ကိစ္စတွေကို အကျဉ်းချုံ့ပြီး ပြလိုက်တယ်လို့ ပြောနိုင်ပါတယ်။

ဒီစီမံကိန်းကြောင့် စိုက်ပျိုးရေရမယ်၊ သောက်ရေ၊ သုံးရေ ရမယ်၊ လျှပ်စစ်မီးရမယ် နောက်ပြီး ဒီဟာကိုအခြေပြုပြီး လမ်းပန်းဆက်သွယ်မှုတွေ ကောင်းလာတယ်။ ဆေးရုံဆောက်နိုင်တယ်။ ကျောင်းတွေ အခြေအနေပိုပြီး တိုးတက်လာတယ်။ ဒီတော့ စီမံကိန်းလေးတစ်ခုက ဒေသခံပြည်သူတွေအတွက် ရေရတယ်၊ မီးရတယ်၊ လမ်းရတယ်၊ ပညာရေးနဲ့ ကျန်းမာရေးမှာ အထောက်အကူဖြစ်တယ်။ ဒီစီမံကိန်းလေးဟာ ကျွန်မတို့ တစ်နိုင်ငံလုံးရဲ့ လိုအပ်ချက်တွေကို ရောင်ပြန်ဟပ်သလို ဒီလိုအပ်ချက်တွေ ဖြည့်ဆည်းပေးလိုက်ရင် ကျွန်မတို့ပြည်သူတွေအတွက် ဘယ်လောက်ကောင်းကျိုးတွေ ရှိနိုင်မလဲဆိုတာကိုလည်း ပြလိုက်တာဖြစ်ပါတယ်။

**ပြည်သူပြည်သားများရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ပါဝင်မှုဟာ အင်မတန်မှ အရေးကြီးပါတယ်။ ပြည်သူပြည်သားများမပါတဲ့ ဘယ်စီမံကိန်းမှ မအောင်မြင်နိုင်ပါဘူး။ ဒီလိုစီမံကိန်းလေးတစ်ခု ဖော်ထုတ်တယ်ဆိုတာတောင်မှ ဒေသခံပြည်သူပြည်သားများလည်း ပါရတယ်။**

**အောင်မြင်နိုင်တဲ့ လမ်းစ**

ကျွန်မတို့ရဲ့ ဗုဒ္ဓဘာသာမှာတော့ ရန်သူမျိုး ငါးပါးဆိုတာရှိပါတယ်။ ရေ၊ မီး၊ မင်း၊ မချစ်မနှစ်သက်သောသူနဲ့ ခိုးသူဆိုပြီး သတ်မှတ်ထားပါတယ်။ ဒီသီကီရ်စီမံကိန်းကို ကြည့်ရင် ရန်သူမျိုးငါးပါးကို အောင်မြင်နိုင်တဲ့ လမ်းစကို ပြလိုက်တယ်လို့ ပြောရင်လည်း မမှားပါဘူး။ ရေရအောင် ကျွန်မတို့လုပ်တယ်၊ တကယ်တော့ ရေမရခြင်းဆိုတာကလည်း အန္တရာယ်ပါပဲ။ ရန်သူမျိုးတစ်ပါးဖြစ်တဲ့ ရေကို အဘက်ဘက်ကနေပြီး ကျွန်မတို့နိုင်ရမယ်။ လုံလောက်တဲ့ သောက်ရေသုံးရေ၊ စိုက်ပျိုးရေ ရအောင်လုပ်ပေးနိုင်ရမယ်။ ရေကြီးမှုရဲ့ အန္တရာယ်ကို ကာကွယ်နိုင်အောင် ကျွန်မတို့ လုပ်ရပါလိမ့်မယ်။

မီးဆိုတာကတော့ အရင်တုန်းက လောင်တဲ့မီးကိုပြောတာပါ။ ဒါပေမယ့် အခုခေတ်မှာဆိုရင် လျှပ်စစ်မီးလို့လည်း ပြောလို့ရပါတယ်။ လျှပ်စစ်မီးပေးခြင်းဆိုတာဟာလည်း ပြည်သူပြည်သားတွေကို အကျိုးပြုခြင်းပဲဖြစ်ပါတယ်။ လျှပ်စစ်မီးမရရင် ပြည်သူပြည်သားတွေရဲ့ တိုးတက်မှုဟာ အင်မတန်မှနှောင့်နှေးပါတယ်။

မင်းဆိုတာက အစိုးရလုပ်သူများပါ။ အစိုးရလုပ်သူများကနေပြီး ပြည်သူများအတွက် အန္တရာယ်မဖြစ်အောင် ဒီမိုကရေစီစနစ်ဟာ အင်မတန်မှ အရေးကြီးပါတယ်။ ပြည်သူကိုအခြေခံတဲ့ ဒီမိုကရေစီစနစ်ရှိမှသာလျှင် အုပ်ချုပ်သူမင်းများဟာ ပြည်သူအပေါ်မှာ ကောင်းကောင်းဆက်ဆံဖို့ အာမခံရမှာဖြစ်ပါတယ်။ မချစ်မနှစ်သက်သောသူများ မရှိအောင် ကျွန်မတို့ တစ်ယောက်ချင်းတစ်ယောက်ချင်း လုပ်ယူရမှာဖြစ်ပါတယ်။ ကိုယ့်အပေါ်မှာ ချစ်ခင်ဖို့မရှိတဲ့သူများဟာ ကိုယ့်ရဲ့ရန်သူဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ အချင်းချင်း ရန်သူမဖြစ်အောင် ချစ်ခြင်းစေတနာကို ပွားများအောင်လို့ အားလုံးလုပ်ရမှာပါ။ ကျွန်မတို့ရဲ့ ပြည်သူပြည်သားများ၊ ပြည်ထောင်စုသားများ အားလုံးဟာ တစ်ယောက်ပေါ်တစ်ယောက် တကယ်ပဲ ချစ်ချစ်ခင်ခင်ရှိတယ်ဆိုရင် ဒီမချစ်မနှစ်သက်ခြင်းရဲ့အန္တရာယ်ကို ဖယ်ရှားလို့ရမယ်။ မေတ္တာစေတနာတွေကြောင့် ကျွန်မတို့နိုင်ငံ ညီညွတ်မှုနဲ့ တိုးတက်လာအောင် အများကြီးလုပ်နိုင်မှာဖြစ်ပါတယ်။

**ပံ့ပိုးပေးချင်**

ခိုးသူဆိုတာကတော့ သာမန်ခိုးသူတွေ မဟုတ်ပါဘူး။ ပြည်သူတွေထံမှ၊ နိုင်ငံမှ ခိုးသူတွေကိုလည်း ဆိုလိုပါတယ်။ ဒါဟာ အဂတိလိုက်စားမှုပါ။ အဂတိလိုက်စားမှုကင်းမှသာလျှင် ကျွန်မတို့ပြည်သူပြည်သားများဟာ နိုင်ငံ့ရဲ့အရင်းအမြစ်တွေ၊ ပြည်သူနဲ့ဆိုင်တဲ့ ပစ္စည်း၊ ဥစ္စာ၊ ဘဏ္ဍာတော်တွေကို ခိုးမယ့်သူတွေကို ကျွန်မတို့ဖယ်ရှားနိုင်မှာပါ။ ဒါကလည်း ဒီမိုကရေစီစနစ်ရဲ့ အဓိကရည်ရွယ်ချက်တစ်ခုလည်းဖြစ်တယ်။ ဒီမိုကရေစီစနစ်ကြောင့်လည်း အဂတိလိုက်စားခြင်းကိုဖယ်ရှားနိုင်တဲ့ အခွင့်အရေးတွေရပါတယ်။ ဒါကလည်း ကျွန်မတို့အစိုးရရဲ့ ဦးတည်ချက်တစ်ခုဖြစ်ပါတယ်။

ခြုံငုံပြီးပြောရမယ်ဆိုရင် ကျွန်မတို့အစိုးရဟာ ပြည်သူပြည်သားများ ရန်သူမျိုးငါးပါးရဲ့ အန္တရာယ်က ကင်းဝေးအောင်လုပ်ပေးချင်တယ်။ ပြည်သူပြည်သားများရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက်

**စာမျက်နှာ ၄ သို့ ❂**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် သီကီရ်ရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။

## ပြည်တွင်းရေးရာ

စာမျက်နှာ ၃ မှ

ပံ့ပိုးပေးချင်တယ်။ ဒီလိုလုပ်တဲ့နေရာမှာ ပြည်သူ ပြည်သားများရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ပါဝင်မှုဟာ အင်မတန်မှအရေးကြီးပါတယ်။ ပြည်သူ ပြည်သားများမပါတဲ့ ဘယ်စီမံကိန်းမှ မအောင်မြင်နိုင်ပါဘူး။ ဒီလိုစီမံကိန်းလေး တစ်ခုဖော်ထုတ်တယ်ဆိုတာတောင်မှ ဒေသခံ ပြည်သူ ပြည်သားများလည်းပါရတယ်။ ဗဟိုက အစိုးရရဲ့ ပူးပေါင်းဆောင်ရွက်မှုကလည်း လိုအပ်တယ်။ တခြားဘက်ကနေ ကျွမ်းကျင်တဲ့သူတွေ၊ ကူညီမယ့်သူတွေ အားလုံးကလည်း ဝိုင်းပြီးတော့ ပါရတယ်။ ဒါကြောင့်မို့လို့ စုပေါင်းအင်အားနဲ့သာလျှင် ကျွန်မတို့ရဲ့ အိပ်မက်တွေကို ကျွန်မတို့အကောင်အထည် ဖော်နိုင်မှာဖြစ်ပါတယ်။

ကျွန်မ ဒီချင်းပြည်နယ်ကို လာနိုင်တဲ့အခါတိုင်းမှာ စိတ်ချမ်းသာရပါတယ်။ ချင်းတိုင်းရင်းသားများရဲ့နွေးထွေးမှု၊ ချင်းတိုင်းရင်းသားများရဲ့ ဒေသရဲ့အခက်အခဲတွေကို ကြံ့ကြံ့ခံနိုင်မှု၊ ဒါပေမယ့် ကျွန်မတို့ ချင်းတိုင်းရင်းသားတွေကို တစ်ခုတော့ မေတ္တာရပ်ခံချင်ပါတယ်။ သစ်ပင်တွေ ခုတ်တဲ့အလေ့အထကတော့ လုံးဝပျောက်အောင် လုပ်ကြပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီကိုရဟတ်ယာဉ်နဲ့လာတဲ့အခါမှာ ဒီမှာသစ်တောတွေ ဘယ်လောက်ပြုန်းတီးသွားပြီလဲဆိုတာ တွေ့ရပါတယ်။ သိအောင်ပြောပြတာပါ။ နှိုင်းယှဉ်တဲ့အနေနဲ့ပြောတာ မဟုတ်ပါဘူး။

### စိမ်းလန်းစိုပြည်အောင် လုပ်ကြပါ

မကြာခင်က ကချင်ပြည်နယ်သွားတဲ့အခါကျတော့ ကြည့်လိုက်တဲ့အခါ တောအုပ်တွေက တစ်ခါတည်း အင်မတန်မှစိမ်းလန်းပြီးတော့ သန်မာနေတာကို ကျွန်မတို့တွေ့ရတယ်။ ချင်းပြည်နယ်မှာလည်း ဒီအတိုင်းပဲပြန်ပြီးတော့ ဖြစ်စေချင်တယ်။ ဒီအတိုင်းဖြစ်ဖို့ဆိုတာဟာ ဒီက တိုင်းရင်းသားတွေ တစ်ဦးချင်းတစ်ဦးချင်းမှာ လုပ်နိုင်တဲ့ အင်အားလည်းရှိတယ်။ လုပ်ရနိုင်ပါဘူး။ ကျွန်မတို့ ဖွံ့ဖြိုးရေးအတွက် ကျွန်မတို့ရဲ့ ခေတ်အဆက်ဆက်လိုအပ်ချက်အရ ကျွန်မတို့ပြုပြင်သွားရမှာပါ။

ပြုပြင်တဲ့နေရာမှာ အားလုံးအတွက် အကျိုးရှိအောင် ကြည့်ရမယ်။ စောစောကပြောသလို လူတွေအတွက်တင်မဟုတ်ဘူး။ တိရစ္ဆာန်များအတွက်ပါကြည့်ရမယ်။ ကျွန်မတို့မှာ တာဝန်ရှိပါတယ်။ ကျွန်မတို့နေတဲ့ ကမ္ဘာကြီးပေါ်မှာတာဝန်ရှိတယ်။ ကျွန်မတို့နေတဲ့ မြေအပေါ်မှာတာဝန်ရှိတယ်။ ကျွန်မတို့သောက်တဲ့ ရေအပေါ်မှာ တာဝန်ရှိတယ်။ ကျွန်မတို့သုံးတဲ့ မီးအပေါ်မှာတာဝန်ရှိတယ်။ အားလုံးက တာဝန်ယူမှ ဒီ ရေ၊ မီး၊ မင်း၊ မချစ်မနှစ်သက်သောသူ၊ ခိုးသူဆိုတဲ့ ရန်တွေ၊ အန္တရာယ်တွေ အားလုံးကို ကျော်လွှားပြီးတော့ ကောင်းတဲ့ အကျိုးတွေရဖို့ပဲ ကျွန်မတို့လုပ်နိုင်မှာ ဖြစ်ပါတယ်။

### ဝိုင်းပြီးတော့ကြိုးစား

နိဂုံးချုပ်အနေနဲ့ တောင်းပန်စကားပြောရမှာဖြစ်ပါတယ်။ ကျွန်မတို့ နောက်ကျသွားတဲ့ကိစ္စပါ။ နောက်ကျသွားတယ်ဆိုတာကလည်း ကျွန်မတို့အနေနဲ့ ရာသီဥတုကို ကြည့်ပြီးတော့ အလုပ်လုပ်ရတာပါ။ ဒါဟာလည်း ကျွန်မတို့ အတွက် သင်ခန်းစာပဲ ဖြစ်ပါတယ်။ ရာသီဥတုကို အခုထက်ထိ လုံးဝတော့မနိုင်သေးပါဘူး။ ရာသီဥတုကို ခန့်မှန်းနိုင်တဲ့နည်းပညာတွေ ရှိပေမယ့် ရာသီဥတုပြောင်းလဲမှုကို ကျွန်မတို့ အနေနဲ့ တားဆီးနိုင်တဲ့အဆင့်မှာ မရှိပါဘူး။ ဒါကြောင့် စဉ်းစားတဲ့အခါမှာ၊ နောင်အတွက် စီစဉ်တဲ့အခါမှာ ကိုယ်ဘာတွေကိုလုပ်နိုင်သလဲ၊ ဘာတွေကိုမလုပ်နိုင်ဘူးလဲဆိုတာကို မှန်မှန်ကန်ကန် စဉ်းစားရမယ်။ ချင့်ချိန်ရမယ်။ လုပ်နိုင်သမျှကိုလုပ်ရမယ်။ ကာကွယ်နိုင်တဲ့ကိစ္စအားလုံးကို ကြိုတင်ပြီးကာကွယ်ရမယ်။ ပြဿနာတစ်ခုဟာ ဖြစ်ပြီးမှ ပြုပြင်ဖို့ဆိုတာဟာမလွယ်ပါဘူး။ မဖြစ်ခင်က ကာကွယ်ဖို့ဆိုတာ ပိုပြီးတော့လွယ်ပါတယ်။ ရာသီဥတုအလိုက် အလုပ်ကိုပြောင်းပြီးတော့လုပ်ရတာတွေရှိတယ်။ ဒီလိုပြောင်းပြီးတော့ လုပ်ရတဲ့အခါမှာလည်း ကျွန်မတို့အတွက် အဆုံးအရှုံးမရှိအောင် အားလုံးက ဝိုင်းပြီးတော့ကြိုးစားရမှာပါ။

အချိန်အနည်းငယ်မျှသာ ကျွန်မတို့ အတူတူ တွေ့ဆုံရတယ်ဆိုပေမယ့် ဒီအချိန်အနည်းငယ်အတွင်းမှာ စစ်မှန်တဲ့စေတနာတွေ၊ မေတ္တာတွေ ကျွန်မတို့ကြားထဲမှာ တည်ဆောက်နိုင်မယ်ဆိုရင် အချိန်အကြာကြီးနေတတ်တာတောင်မှ ပိုပြီးတော့ တန်ဖိုးရှိပါတယ်လို့ ပြောရင်းနဲ့ ထပ်မံပြီး ကျန်းမာချမ်းသာကြပါစေ၊ ဘုရားသခင်ကောင်းချီးပေးပါစေလို့ ဆုတောင်းမေတ္တာ ပို့ပါတယ်။ ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

ယင်းနောက် သီကီရ်ရေလှောင်တမံကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူတို့သည် ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### အမွှေးနံ့သာရည်ပက်ဖျန်း

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူတို့သည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့သည့် သီကီရ် အသေးစားရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အစီအစဉ်အရ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အသေးစားရေအားလျှပ်စစ်စက်ရုံ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူတို့သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထန်တလန်မြို့ မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ချင်းပြည်နယ်ကိုလာတိုင်း ချင်းတိုင်းရင်းသားများ၏နွေးထွေးမှုကို အများကြီးခံစားရပါကြောင်း၊ အထူးသဖြင့် ချင်းတိုင်းရင်းသားများသည် ဖေဖေ့ကို ဘယ်တော့မှ မမေ့သည်ကို မိမိကျေးဇူးတင်ပါကြောင်း၊ မိမိကို အမြဲတမ်း မိမိဖခင်၏ သမီးအနေဖြင့် တန်ဖိုးထားသည့်အတွက် အင်မတန်ကျေးဇူးတင်ပါကြောင်း၊ ဒီကိုရောက်လာသည့်အခါတွင် ရာသီဥတုအခြေအနေကြောင့် နောက်ကျသွားသည့်အတွက် တောင်းပန်ပါကြောင်း၊ တချို့တိုင်းရင်းသားများက တော်တော်ဝေးသည့်ရွာများမှ အရောက်လာရသည်ကို မိမိနားလည်ပါကြောင်း၊ ဒီလောက်အချိန်ပေးလာပြီး ခဏလေးတွေ့သွားရသည်ကို အင်မတန်အားနာပါကြောင်း၊ အထူးသဖြင့် သီကီရ်တွင် အချိန်ကို ကျုံ့ခဲ့ရပါကြောင်း၊ အချိန်ကာလ ဘယ်လောက်ကြာကြာတွေ့တာက အဓိကမဟုတ်ဘဲ မိမိတို့အချင်းချင်းကြားတွင် နားလည်မှုရှိနိုင်တာ၊ စေတနာမေတ္တာထားနိုင်တာက အဓိကဖြစ်ပါကြောင်း။

### ပြုစုပျိုးထောင်

မိမိ သီကီရ်တွင်တွေ့ခဲ့ရသည်မှာ စီမံကိန်းသေးသေးလေးတစ်ခုက ဘယ်လောက်အထိ ဒေသခံများကို အကျိုးပြုသလဲဆိုတာ တွေ့ရပါကြောင်း၊ ဒီထက်ပိုပြီး အရေးကြီးတာက မိမိတို့၏ ပြည်ထောင်စုစိတ်ဓာတ် မွေးမြူရေးကိစ္စဖြစ်ပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို သေသေချာချာ ပြုစုပျိုးထောင်မည်ဆိုလျှင် မိမိတို့နိုင်ငံ တစ်နိုင်ငံလုံးကို ဘယ်လောက်အထိ အကျိုးပြုနိုင်မလဲဆိုတာ မိမိသဘောပေါက်ပါကြောင်း၊ မိမိနိုင်ငံတစ်ဝန်းသွားပြီး ပြည်သူပြည်သားများနှင့် တွေ့သည့်အခါတိုင်း အဖြစ်အပျက်များကို လေ့လာပြီး သင်ခန်းစာယူပါကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်၏အကျိုး၊ နိုင်ငံသူ နိုင်ငံသားများ၏ အကျိုးအတွက် ဘယ်လိုပိုပြီး လုပ်ပေးနိုင်မလဲဆိုပြီး အဲဒီလို နားလည်မှုရအောင်၊ ပညာများရအောင် လေ့လာပါကြောင်း၊ ဥပမာ ကချင်ပြည်နယ်ရော၊ ချင်းပြည်နယ်မှာရော ရဟတ်ယာဉ်သုံးရတာများပါကြောင်း၊ ချင်းပြည်နယ်ကို ယခင် မိမိလာတုန်းက မိမိသည်အစိုးရအဖွဲ့ထဲမှာမဟုတ်တော့ ကားဖြင့်လာခဲ့ရပါကြောင်း။

ဒါပေမယ့် ကားဖြင့်တက်ခြင်း၏ အကျိုးကျေးဇူးမှာ လမ်းတစ်လျှောက် ပြည်သူလူထုနှင့် ထိတွေ့ခွင့်ရရှိပါကြောင်း၊ လမ်းကရွာများတွင်ရပ်ပြီး ရွာထဲမှ ရွာသူ ရွာသားများနှင့် ထိတွေ့ခွင့်ရှိပါကြောင်း၊ မိမိ ၂၀၀၂ ခုနှစ်လောက်က ချင်းပြည်နယ်ကို လာသည့်အခါ လမ်းမှ

စာမျက်နှာ ၅ သို့




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထန်တလန်မြို့ဒေသခံပြည်သူများအတွက် စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထန်တလန်မြို့ ဒေသခံကလေးငယ်များနှင့် အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❏ စာမျက်နှာ ၄ မှ

ရွာလေးများက နွေးနွေးထွေးထွေး ကြိုဆိုရုံ တင်မက လမ်းပြင်နေသည့် ချင်းတိုင်းရင်းသားများကပါ ကြိုဆိုကြပါကြောင်း၊ ကြိုဆိုသည့် နေရာတိုင်းတွင် နွေးနွေးထွေးထွေးနှင့် မရှိမဲ့ရှိမဲ့ လက်ဆောင်လေးများဖြင့် ကြိုဆိုကြပါကြောင်း၊ အဲဒီလို မိမိတို့က ထိတွေ့ပိုင်ခွင့်ရှိပါကြောင်း။

### နွေးထွေးနီးစပ်မှု နည်းမသွား

အခုကျတော့ ထိတွေ့မှုပုံစံမျိုးက မတူတော့ပါကြောင်း၊ အဲဒီတုန်းကလောက် ပြည်သူကြားထဲမှာ မသွားနိုင်သော်လည်း ပြည်သူနှင့် မိမိတို့အကြားရှိ နွေးထွေးနီးစပ်မှုမှာ ဘယ်လိုမှ နည်းမသွားဘူးဟုလည်း ထင်ပါကြောင်း၊ ရဟတ်ယာဉ်ဖြင့်သွားတော့လည်း မိမိသင်ခန်းစာတစ်ခု ရပါကြောင်း၊ ရဟတ်ယာဉ်ဆင်းတိုင်း ဘေးပတ်ဝန်းကျင်ကို ပြဿနာဖြစ်စေပါကြောင်း၊ လေအရမ်းတိုက်သည့်အခါ ခေါင်မိုးများပျက်စီးတာ၊ ခြံစည်းရိုးများပျက်စီးတာကို တွေ့မြင်ရပါကြောင်း၊ ဒါကလည်း သင်ခန်းစာဖြစ်ပါကြောင်း၊ ကိစ္စတိုင်းသည် အပေါင်းလက္ခဏာရှိသလို၊ အနုတ်လက္ခဏာရှိပါကြောင်း၊ မိမိ သေသေချာချာပြောထားပါကြောင်း၊ ပျက်စီးမှုများအတွက် အားလုံးလျော်ကြေးပေးရမည်ဖြစ်ပါကြောင်း၊ မပေးဘူးဆိုလျှင် မိမိတို့ကိုအသိပေးရန် လိုပါကြောင်း။

မိမိ ဒီမှာဆင်းလာသည့်အခါ ကြိုဆိုရန် မုခ်ဆောက်ထားတာ ပြိုကျသွားသည်ကို တွေ့ရပါကြောင်း၊ အပေါ်မှ ကြည့်လိုက်သည့်အခါ အရှေ့ကမုခ်၊ အနောက်က ပြည်သူများက စောင့်ပါကြောင်း၊ သီချင်းဆိုပြီး ကြိုဆိုသည့်ပြည်သူများနောက်တွင် မိမိဓာတ်ပုံကို ထောင်ထားပါကြောင်း၊ ထိုဓာတ်ပုံကတော့ လုံးဝ မယိုင်လဲသွားပါကြောင်း၊ ထို့အတွက် မိမိစိတ်ထဲတွင် ပြည်သူကာကွယ်ပေးထားသည့်အရာက ဘယ်တော့မှမယိုင်ဘူးဟု စဉ်းစားမိပါကြောင်း၊ မိမိတို့အစိုးရသာ မဟုတ်ဘဲ ဘယ်အစိုးရ၏ ရပ်တည်မှုမဆို ပြည်သူများထောက်ခံမှုမရှိဘဲ အောင်အောင်မြင်မြင် မဖြစ်နိုင်ပါကြောင်း၊ ပြည်သူများ၏ ထောက်ခံမှုမရှိဘဲ အုပ်ချုပ်ခြင်းဆိုသည်မှာ တကယ်တော့ ပြည်သူကို ကိုယ်စားပြုပြီး ပြည်သူများ၏ တာဝန်အတွက် တာဝန်ထမ်းဆောင်ခြင်း မဟုတ်နိုင်ပါကြောင်း။

### ယုံကြည်ချက်နဲ့ကြိုဆို

အခုမိမိကိုကြိုဆိုတော့ သီချင်းလေးနှင့် ကြိုဆိုပါကြောင်း၊ သီချင်း၏အဓိပ္ပာယ်ကို ဘာသာပြန်ပေးထားသဖြင့် နားလည်ရပါကြောင်း၊ အဓိကကတော့ အဖေ့သမီးအနေနဲ့ ကြိုဆိုတယ်၊ ယုံကြည်ချက်နဲ့ ကြိုဆိုတယ်။ ယုံကြည်ချက်နဲ့ ကြိုဆိုတယ်ဆိုတာ ပြည်သူများရဲ့ ဆင်းရဲနွမ်းပါးမှုကို ပပျောက်သွားအောင်၊ မျက်ရည်တွေ ပျောက်သွားအောင်၊ မျက်ရည်ကျဖို့ မလိုတော့အောင် လုပ်ပေးတယ်ဆိုရင်လည်း၊ မိမိတို့တာဝန်က မပြီးသေးပါကြောင်း၊ တိုင်းရင်းသားပြည်သူ ပြည်သားအားလုံး ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ရန်အတွက်၊ မျက်ရည်မကျရန်အတွက် အားလုံးအတူ အများကြီးကြိုးစားရန်လိုပါကြောင်း။

မိမိတို့နိုင်ငံက ဖွံ့ဖြိုးတိုးတက်စနိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် တခြားလူများထက် ပိုပြီးကြိုးစားရမည်ဖြစ်ပါကြောင်း၊ ဒုတိယကမ္ဘာစစ်ပြီးခါစတုန်းက ဖေဖေပြောခဲ့သည့် စကားတစ်ခုရှိပါကြောင်း၊ ကျွန်တော်တို့ နိုင်ငံက မွဲပြာကျခဲ့လို့ တခြားသူတွေ လမ်းလျှောက်နေတဲ့အချိန်မှာ ပြေးမှ တော်ကာကျမယ်ဟူ၍ ဖြစ်ပါကြောင်း၊ အခုလည်း ယင်းကဲ့သို့ ခံစားရပါကြောင်း။

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျကျန်ခဲ့သဖြင့် တခြားအိမ်နီးနားချင်းများ၊ ရှေ့မှ ဖွံ့ဖြိုးတိုးတက်သွားသည့် နိုင်ငံများကို မီရန်ဆိုလျှင် သူတို့ လမ်းလျှောက်နေသည့်အချိန်တွင် ပြေးနိုင်မှရမည်ဖြစ်ပါကြောင်း၊ ပြေးဖို့ဆိုတော့ ပြေးဖို့က ဆန္ဒလိုပါကြောင်း၊ ငါတို့ပြေးမယ်လို့ ဆုံးဖြတ်ရမည်၊ တခြားသူတွေ လမ်းလျှောက်ပေမယ့် ငါတို့ ပြေးမည်၊ တခြားသူတွေ သက်သက်သာသာ သွားနေပေမယ့် ငါတို့ အပင်ပန်းခံမည်ဆိုသည့် သန္နိဋ္ဌာန်ချရန်လိုပါကြောင်း၊ သန္နိဋ္ဌာန်အရ လုပ်နိုင်ဖို့က အင်အားလိုပါကြောင်း၊ အရည်အချင်းလိုပါကြောင်း၊ အင်အားနှင့် အရည်အချင်း ပူးတွဲခြင်းအားဖြင့်သာလျှင် ဆောက်တည်နိုင်မှာဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတိုးတက်ရန်အတွက် အင်အားဆိုတာ တစ်ယောက်နှင့် တစ်ယောက်ဖြည့်ဆည်းပေးရန်လိုပါကြောင်း၊ ဒီလိုလုပ်သည့်နေရာတွင် ဘယ်သူက သာသည်၊ ဘယ်သူက နာသည်ဟု မရှိပါကြောင်း၊ အားလုံးအတူတူ သူ့တန်ဖိုးနှင့်သူ ရှိပါကြောင်း၊ သူ့အားနည်းချက်နှင့်သူ၊ သူ့အားသာချက်နှင့်သူ ရှိပါကြောင်း၊ အဲဒါကို မမေ့ရန် လိုပါကြောင်း၊ တချို့က ကိုယ့်အားနည်းချက်ကို မမြင်ဘဲ၊ သူများ၏ အားနည်းချက်ကို မြင်သည်မှာလည်း မကောင်းပါကြောင်း၊ ကိုယ့်မှာ အားသာချက်ရှိသည်ဆိုလည်း အဲဒါကိုသိပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုဆောက်တည်ရမည် ဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆိုတာ ပိုက်ဆံချမ်းသာချင်၍ မဟုတ်ဘဲ ပြည်သူပြည်သားများကို စိတ်ချမ်းသာစေချင်လို့ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်သည်၊ မတိုးတက်ဘူးဆိုတာ ပြည်သူ ပြည်သားများ၏ စိတ်ခွန်အား ဘယ်လောက်ရှိသလဲ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု ဘယ်လောက်ရှိသလဲဆိုသည့်အပေါ်တွင် တည်ပါကြောင်း၊ တခြားအပေါ်တွင် မတည်ပါကြောင်း၊ GDP တွေ ဘယ်လိုပဲတက်တက်၊ ဘာပဲဘယ်လိုပြောပြော၊ ဘယ်ကိန်းဂဏန်း ကြည့်ကြည့် နောက်ဆုံးတွင် နိုင်ငံသူ နိုင်ငံသားများ ဘယ်လောက်ထိ စိတ်လုံခြုံမှု၊ ကိုယ်လုံခြုံမှု ရှိသလဲ၊ ဘယ်လောက်ထိ စိတ်ချမ်းသာမှု ရှိသလဲဆိုသည့် ဒီကိန်းနှင့်ကြည့်ပြီး လုပ်ရမည်ဖြစ်ပါကြောင်း။

### ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင်လုပ်

ကိုယ့်ကိုယ်ကိုယ် စိတ်ချမ်းသာအောင်နေရန်ဆိုတာ ကိုယ်ကလည်းပါရမည်၊ သူများကလုပ်ပေးမှ စိတ်ချမ်းသာရမည်ဆိုတာ ဘယ်တော့မှ စိတ်ချမ်းသာမှုရနိုင်မှာ မဟုတ်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ ပြည်ထောင်စုသားအားလုံး တစ်ဦးချင်းတစ်ဦးချင်း ကိုယ့်မှာ တာဝန်ရှိပါကြောင်း၊ ကိုယ့်တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ခြင်းအားဖြင့် ကိုယ့်ပြည်ထောင်စုကို အကျိုးပြုမည်ဆိုသည့် စိတ်ထားများကို မွေးမြူစေချင်ပါကြောင်း၊ အစိုးရတစ်ခုသည် အောင်အောင်မြင်မြင် တာဝန်များကို ထမ်းဆောင်နိုင်ရန် ဘာအရေးကြီးဆုံးလဲဆိုတာ ပြည်သူ့အသံကို နားထောင်ရန်ဖြစ်ပါကြောင်း။

ပြည်သူများ၏ နှလုံးသားထဲတွင် ဘာရှိသလဲဆိုတာ သိနိုင်ဖို့ပဲဖြစ်ပါကြောင်း၊ ပြည်သူ့အသံမှတစ်ဆင့် ဒီနှလုံးသားထဲမှာရှိနေသည့် အရာများပေါ်လာရန်မှာ ပြည်သူကလည်း အစိုးရကို ယုံကြည်မှုရှိမှ ဖြစ်နိုင်မည်ဖြစ်ပါကြောင်း၊ မကြိုက်တာကြားရလျှင် ဒဏ်ပေးမည်ဟုထင်လျှင် မပြောတော့ကြောင်း၊ မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ ကြိုက်တာကိုပဲလိုက်ပြောကြပါကြောင်း၊ အဲဒီဟာကလည်း အင်မတန်မှ နိုင်ငံတစ်နိုင်ငံကို နစ်နာစေသည့် ကိစ္စတစ်ခုဖြစ်ပါကြောင်း၊ တချို့ကလည်း အစိုးရလုပ်သူများသည် အားလုံးလုပ်ပေးရမည်၊ ကိုယ့်မှာ တာဝန်မရှိဘူး။ ကိုယ်ကမဲပေးပြီးပြီ၊ မဲပေးပြီးသည်နှင့် ကိုယ့်မှာတာဝန်ကျေပြီ ကျန်တာအစိုးရအလုပ်ဆိုပြီး အဲဒီလိုစိတ်ထားသူများလည်းရှိပါကြောင်း၊ အဲဒါလည်း မှန်ကန်မှုမရှိပါကြောင်း၊ ကိုယ့်တာဝန်နှင့် ကိုယ်ကျေပွန်အောင်လုပ်ရမည်၊ အစိုးရအပေါ်တွင်လည်း အစိုးရ၏တာဝန် ကျေပွန်စေရမည်ဆိုသည့် အမြင်ဖြင့်မြင်ရမည်ဖြစ်ပါကြောင်း၊ မိမိ ဒီလိုပြောရခြင်း အကြောင်းမှာ ဒီတွေ့ဆုံပွဲတွင် မိမိပြောတာထက် ပြည်သူ့အသံကို နားထောင်ချင်တာက အဓိက ဖြစ်ပါကြောင်း၊ မိမိပြောပြီးသည့်အခါ ပြည်သူလူထုထဲမှ အသံများကို ကြားချင်ပါကြောင်း။

### အတူတကွ တာဝန်ထမ်းဆောင်

ပြည်သူတွေက ဘာပြောချင်သလဲ၊ ဘာမေးချင်သလဲ၊ ဘာစိုးရိမ်မှုတွေ ရှိသလဲ၊ ဘာမျှော်လင့်ချက်တွေရှိသလဲ၊ ဘာပြဿနာတွေရှိသလဲဆိုတာ မိမိနားထောင်လိုပါကြောင်း၊ အားလုံးကိုတော့ ချက်ချင်းဖြေရှင်းပေးနိုင်မည် မဟုတ်ပါကြောင်း၊ သို့သော် ဘယ်လိုပဲပြောပြော ဆွေးနွေးတယ်၊ တိုင်ပင်တယ်၊ ညှိနှိုင်းတယ်ဆိုတာ နိုင်ငံ့အင်အားအခြေခံဖြစ်ပါကြောင်း၊ အခုရောက်လာသည့် မြို့မိ၊ မြို့ဖများ အားလုံးကို ကျေးဇူးတင်တယ်ဆိုတာ မိမိတို့နိုင်ငံအတွက် အတူတကွ တာဝန်ထမ်းဆောင်ဖို့ စိတ်ဓာတ်နှင့် လာကြတယ်လို့ မိမိယုံကြည်လို့ဖြစ်ပါကြောင်း၊ မိမိအပြင်မှာ နှုတ်ဆက်သည့်အထဲတွင် ချင်းတိုင်းရင်းသား ဖခင်ကြီးများကိုလည်း တွေ့ခဲ့ရပါကြောင်း၊ ဒီလောက်တောင်မှ မိမိတို့အပေါ် စေတနာထားပြီး ဖြစ်အောင် လာပြီးကြိုဆိုတာ၊ နှုတ်ဆက်တာကို အင်မတန်မှ တန်ဖိုးထားပါကြောင်း။

စာမျက်နှာ ၆ သို့ ■



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရိဒ်ခေါဒါရ်မြို့ ရိဒ်ရေကန်သို့ ရောက်ရှိလာရာ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဟားခါးမြို့ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

**■ စာမျက်နှာ ၅ မှ**

ပြည်သူ၏ ထောက်ခံမှု၊ ပြည်သူ၏ မေတ္တာ စေတနာများ၏ တန်ဖိုးနှင့် တူညီသည့် တန်ဖိုးဘာမှမရှိပါကြောင်း၊ တော်တော်များများက ပြောကြပါကြောင်း၊ မြန်မာနိုင်ငံက သဘာဝသယံဇာတပစ္စည်း အင်မတန်မှ ပေါကြွယ်သည့်နိုင်ငံဖြစ်၍ အင်မတန်မှ ကံကောင်းသည်ဆိုတာ မိမိကတော့ ကံကောင်းမှုသည် သဘာဝသယံဇာတ ပစ္စည်းပေါ်တွင်မတည်ဘဲ မိမိတို့ လူသားသယံဇာတအပေါ်တွင်သာ မူတည်ပါကြောင်း၊ မိမိတို့ နိုင်ငံသူ နိုင်ငံသားများ၏ တန်ဖိုးပေါ်မှာသာ မူတည်ပါကြောင်း၊ မိမိတို့ နိုင်ငံဆိုတာသည်လည်း တကယ်တော့ နိုင်ငံသူ နိုင်ငံသားများဖြင့် ဖွဲ့စည်းထားလို့သာ နိုင်ငံဖြစ်တာ ဖြစ်ပါကြောင်း၊ နိုင်ငံဖြစ်လို့ နိုင်ငံသူနိုင်ငံသားတွေဖြစ်သွားတာ မဟုတ်ပါကြောင်း။

မိမိတို့ အခုရောက်နေသည့်အချိန်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ခပ်တိုတိုပဲ တင်ပြထားတာတွေ ပြီးပြီဖြစ်ပါကြောင်း၊ ဘာတွေလိုအပ်သလဲ ဆိုတာ ပရိသတ်ထဲက ပြည်သူထဲက မေးပိုင်ခွင့်ရှိအောင် မိမိတို့အချိန်ပေးချင်ပါကြောင်း၊ မေးချင်တာ ပြောချင်တာပြောပါ။ မိမိအနေဖြင့် တတ်နိုင်သလောက် ဖြေနိုင်တာကို ဖြေမည်ဖြစ်ပါကြောင်း၊ ချက်ချင်းမဖြေနိုင်လျှင်လည်း နောက်အဖြေရှာပြီးတော့ပေးမည်ဖြစ်ပါကြောင်း၊ တင်ပြသည့်အခါတွင် သတ္တိရှိရှိဖြင့် ပွင့်ပွင့်လင်းလင်းတင်ပြရန်လိုပါကြောင်း၊ ကိုယ့်နှလုံးသားထဲတွင် ရှိသည့်အတိုင်း တင်ပြကြစေလိုပါကြောင်း၊ မည်သူ့ကိုမျှ ပုတ်ခတ်ချင်သည့်စိတ်ဖြင့် မတင်ပြကြပါနဲ့၊ ပုတ်ခတ်တိုက်ခိုက်ချင်သည့်စိတ်ဖြင့်မဟုတ်ဘဲ မိမိတို့အခြေအနေ၊ မိမိတို့ ပတ်ဝန်းကျင်ပိုပြီးကောင်းမွန်သွားစေချင်သည့် စေတနာပေါ်တွင် အခြေခံပြီး ဆွေးနွေးပြောဆို မေးမြန်းကြပါဟု မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများကဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ပံ့ပိုးပေးမည့်အစီအစဉ်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသခံပြည်သူများအတွက် ဆန်အိတ် ၁၀၀ နှင့် ဆီပိသာ ၁၀၀ တို့ကို မြို့မိမြို့ဖ ဦးရှုန်ဇဲလ်ထံ ထောက်ပံ့ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ခင်မင်ရင်းနှီးစွာနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် ထန်တလန်မြို့မှ ရိဒ်ခေါဒါရ်မြို့ ပြည်ထောင်စုရိပ်သာသို့ ရောက်ရှိကြသည်။

ပြည်ထောင်စုရိပ်သာ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဒေသခံပြည်သူများအတွက် ဆန်အိတ် ၁၀၀ နှင့် ဆီပိသာ ၁၀၀ တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖများထံ ပေးအပ်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆက်လက်၍ ရိဒ်ခေါဒါရ်မြို့ အမှတ်(၁)ရပ်ကွက်အနီးရှိ ရိဒ်ရေကန်သို့ ရောက်ရှိရာ ဟွာငိုလ်တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့၏ ချင်းရိုးရာ ဝါးညှပ်အကဖြင့် ဖျော်ဖြေတင်ဆက်မှုကို အားပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရိဒ်ရေကန်သည် ချင်းပြည်နယ် ဖလမ်းခရိုင် ရိဒ်ခေါဒါရ်မြို့အနီး ပင်လယ်ရေမျက်နှာပြင်အထက် ၂၉၉၇ ပေတွင်တည်ရှိပြီး ရေကန်၏ အကျယ်မှာ ၂ မိုင်ကျော်ခန့်ရှိသည်။ ရိဒ်ရေကန်ကို အေဒီ ၁၅၀၀ ခန့်က စတင်တွေ့ရှိခဲ့ပြီး ချင်းပြည်နယ်ရှိ တန်ဖိုးမဖြတ်နိုင်သော ခရီးသွားဒေသတစ်ခုနှင့် ဒေသတွင်း ရိုးရာယုံကြည်ကိုးကွယ်မှုအဖြစ် နိုင်ငံတကာတွင် ထင်ရှားသည့် ရေကန်တစ်ခုဖြစ်သည်။

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် ဟားခါးမြို့သို့ရောက်ရှိကြပြီး ဟားခါးမြို့ Carson Hall ခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်အစိုးရမှ နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ပံ့ပိုးပေးမည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဒေသခံပြည်သူများအတွက် ဆန်အိတ် ၁၀၀ နှင့် ဆီပိသာ ၁၀၀ တို့ကို မြို့မိမြို့ဖများထံ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ခင်မင်ရင်းနှီးစွာ လိုက်လံနှုတ်ဆက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ချင်းပြည်နယ်၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများနှင့် တွေ့ဆုံ




**ဟားခါး ဇန်နဝါရီ ၂၀**

ချင်းပြည်နယ် ဟားခါးမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် ချင်းပြည်နယ်၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ယနေ့ညပိုင်းတွင် ချင်းပြည်နယ် ဟားခါးမြို့ရှိ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

ရှေးဦးစွာ ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူးက အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူးက ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရပြီးနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ရာတွင် ကချင်ပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခု တတိယအကြိမ်အဖြစ် ချင်းပြည်နယ်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ယခုလို တွေ့ဆုံရသည့်အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း ဦးစွာပထမ ပြောကြားလိုပါကြောင်း။

**အုပ်ချုပ်မှုစနစ်ကောင်း ဖြစ်ပေါ်လာရန်**

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၃/၂၀၁၈)၏ သဘောတူညီချက်အရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန လက်အောက်သို့ ပြောင်းရွှေ့ဖွဲ့စည်းတာဝန်ထမ်းဆောင်စေပြီး ဖြစ်ပါကြောင်း၊ ထိုသို့ ပြောင်းရွှေ့ရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေဖြစ်သည့် အုပ်ချုပ်ရေးယန္တရားကို တည်ဆောက်နိုင်ရန်နှင့် Good Governance အုပ်ချုပ်မှုစနစ်ကောင်း ဖြစ်ပေါ်လာရန် ရည်ရွယ်ပြီး ပြောင်းရွှေ့ရခြင်းပင် ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ မြန်မာ့ရိုးရာနှစ်သစ်ကူးမိန့်ခွန်းတွင် အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးအတွက် အစိုးရပြုပြင်ပြောင်းလဲရေးနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးဆိုသည့်အချက် (၂)ချက် ဆောင်ရွက်မည်ဆိုသည်ကို လမ်းညွှန်ပြောကြားခဲ့ပြီး ဖြစ်ပါကြောင်း၊ အစိုးရပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင်-

- ပြည်သူလူထုနဲ့ နီးစပ်တဲ့ အောက်ခြေကစတင်မယ်၊
- ပြည်သူနဲ့အတူ စုပေါင်းအင်အားနဲ့ ချဉ်းကပ်မယ်၊
- ပြည်သူ့ဆန္ဒကို အလေးထားပြီး တည်ဆောက်မယ်၊
- ပြုပြင်ပြောင်းလဲမှုနဲ့ အံမဝင်တဲ့နေရာတွေမှာ လူစားလဲမှုတွေ ပြုလုပ်မယ်

ဆိုသည့် မူဝါဒ (၄)ရပ်နှင့် ဆောင်ရွက်သွားရန်နှင့် ဗဟိုချုပ်ကိုင်မှု လျှော့ချရေး ဆောင်ရွက်ရာတွင်-

-ပြောင်းလဲသင့်သည်များကို ပြောင်းလဲမယ်၊

-တည်ငြိမ်မှုကိုလည်း မထိခိုက်စေဘဲ အပြောင်းအလဲတွေ ဖြစ်ပေါ်စေဖို့ ဆောင်ရွက်မယ်၊

-ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ၊ တာဝန်ခံမှုကို အခြေခံပြီး ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်မယ်ဆိုတဲ့ မူဝါဒတွေနဲ့ ဆောင်ရွက်သွားဖို့ကိုလည်း လမ်းညွှန်ထားခဲ့ပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ အုပ်ချုပ်မှုယန္တရားပြုပြင်ပြောင်းလဲခြင်း၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ပိုမိုပေါင်းစည်းဆက်စပ်ဆောင်ရွက်ပေးခြင်း၊ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း စသည့် လုပ်ငန်းစဉ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနအနေဖြင့် ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပညာရှင်များ ပါဝင်သည့် အကြံပေးအဖွဲ့၏ အကြံပြုချက်များကို ရယူပြီး ယင်းအကြံပြုချက်များကို လက်တွေ့ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် အထိရောက်ဆုံး ချိတ်ဆက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ချမှတ်သည့် မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရန် မှာကြားလိုပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများဖြစ်သည့် တိုင်းဒေသကြီး/ပြည်နယ် အုပ်ချုပ်ရေးမှူးများနှင့် နေပြည်တော်အုပ်ချုပ်ရေးမှူးတို့သည် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် နေပြည်တော်ကောင်စီ၏ အတွင်းရေးမှူးများအဖြစ် တာဝန်ယူဆောင်ရွက်နေရခြင်းဖြစ်သည့်အတွက် ထိုသို့ အရေးကြီးတာဝန်များကို ထမ်းဆောင်ရာတွင် အုပ်ချုပ်မှုယန္တရားချောမွေ့စေရေး၊ အုပ်ချုပ်မှုစနစ်မျှတမှန်ကန်စေရေး၊ အဂတိလိုက်စားမှု မရှိစေရေး၊ ပွင့်လင်းမြင်သာမှုရှိစေရေးတို့ကို မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အလေးအနက်ထား ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း။

**လိုက်ပါ ပြောင်းလဲပေးနိုင်ရန် လိုအပ်**

အစိုးရအဖွဲ့များ ပြောင်းလဲသွားခြင်းသည် အသွင်သဏ္ဌာန် ပြောင်းလဲသွားခြင်းဖြစ်ပြီး အမှန်တကယ် အနှစ်သာရပြောင်းလဲမှုများ ဖြစ်ပေါ်လာရန်အတွက် မိမိတို့၏ ဝန်ထမ်းများကိုယ်တိုင် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ လိုက်ပါပြောင်းလဲပေးနိုင်ရန် လိုအပ်ပါကြောင်း၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်အဆင့်တွင်ရှိသည့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများအားလုံး တက်ညီလက်ညီ ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်ပေးကြရန် အထူးမှာကြားလိုပါကြောင်း၊ အပြောင်းအလဲများ ဖော်ဆောင်ရာတွင် ဘာများမှားသွားမလဲဆိုသည့် စိုးရိမ်စိတ်များ ဖြစ်ပေါ်တတ်ခြင်းသည် သဘာဝပင် ဖြစ်ပါကြောင်း၊ ထိုသို့သော အချိန်အခါမျိုးတွင် အချင်းချင်း ဆွေးနွေးတိုင်ပင်နှီးနှောပြီး ဆောင်ရွက်မည်ဆိုပါက စိုးရိမ်မှုများ ပြေပျောက်ပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အထက်-အောက်၊ ဘေးနံ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနှင့် လုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေနှင့် နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့် ပတ်သက်ပြီး အလေးအနက်ထား မှာကြားလိုသည့် အဓိကအချက် နှစ်ချက်ရှိပါကြောင်း၊ ပထမအချက်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို မိမိတို့ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနအောက်သို့ ပြောင်းရွှေ့လိုက်သည့်အတွက် ဘာတွေဖြစ်လာမလဲဆိုပြီး စိုးရိမ်ပူပန်မှုများ မရှိကြရန် ပြောကြားလိုပါကြောင်း၊ အုပ်ချုပ်ရေးယန္တရား တည်တည်ငြိမ်ငြိမ်နှင့် လည်ပတ်နေပြီး နောက်တစ်ဆင့်အနေနှင့် အပြောင်းအလဲများ ဖော်ဆောင်နိုင်ရန် ဦးတည်ကြိုးပမ်းပေးကြရန် အရေးကြီးပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကိုကျေပွန်အောင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန်၊ ပြောင်းလဲလာသည့်မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ပြုပြင်ပြောင်းလဲမှုများကို တက်တက်ကြွကြွ လိုက်ပါဖော်ဆောင်ပေးကြရန် မှာကြားလိုပါကြောင်း၊ မိမိလုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို တည်တည်ငြိမ်ငြိမ် မှန်မှန်ကန်ကန်နှင့် ဆက်လက်ဆောင်ရွက်သွားပြီး ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် တွန်းအားပေးဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း။

**ပြည်သူများ မြင်တွေ့လိုသည့် အပြောင်းအလဲများ ဖြစ်လာအောင်**

ဒုတိယအချက်မှာ မိမိတို့၏ ပြုပြင်ပြောင်းလဲမှုသည် ပြည်သူလူထုကို မျက်နှာမူပြီး အပြောင်းအလဲများ သိသိသာသာ မြင်တွေ့နိုင်အောင် ကြိုးပမ်းကြရန် ဖြစ်ပါကြောင်း၊ ပြည်သူများ မြင်တွေ့လိုသည့် အပြောင်းအလဲများ ဖြစ်လာအောင် စိတ်ဓာတ်နှင့်ခံယူချက်များ ပြောင်းရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ပြည်သူလူထုကို ဝန်ဆောင်မှုပေးသူများဖြစ်သည်ဟု ခံယူထားပြီး ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အချိန်မရွေး အဆင်သင့်ရှိနေကြရမည် ဖြစ်ပါကြောင်း၊ လူထုနှင့်နီးစပ်၊ လူထုအသံကို နားထောင်၊ လူထုနှင့်အတူ ပူးပေါင်းလုပ်ကိုင်ပြီး လူထုက ယုံကြည်ရသည့် စီမံခန့်ခွဲမှုစနစ်နှင့် အားကိုးရသည့် အုပ်ချုပ်ရေးမှူးကောင်းများ ဖြစ်လာအောင် မိမိတို့အားလုံး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

ပထမဆုံးအဆင့်တွင် အုပ်ချုပ်ရေးယန္တရားတည်ငြိမ်ရေး၊ တစ်ဆက်တည်းမှာပင် ဒုတိယအဆင့်တွင် အပြောင်းအလဲများ ဖော်ဆောင်နိုင်ရေးကို ရည်မှန်းချက်ထားပြီး မိမိတို့ဝန်ထမ်းများသည် ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်နှင့် ဖော်ဆောင်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ပေးကြရန် အလေးအနက် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး ဆောင်ရွက်ရန်အချက်များကို လမ်းညွှန်မှာကြားသည်။

**သတင်းစဉ်**

# ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (မြစ်ကြီးနား) ဖွင့်ပွဲအခမ်းအနားကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ဦးဝင်းမော်ထွန်း၊ ထူးချွန်ကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

**မြစ်ကြီးနား ဇန်နဝါရီ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ဦးဝင်းမော်ထွန်း၊ ထူးချွန်ကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နိုင်သက်လွင်၊ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ဘွဲ့နှင်းသဘင်ခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော် Theme Song သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် ကလေးစာပေပွဲတော်များကို ၂၀၁၆ ခုနှစ်မှ စတင်ကျင်းပလာခဲ့ခြင်းဖြစ်ပါကြောင်း၊ ကလေးစာပေပွဲတော်များကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ပူးပေါင်းကာ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့တော်များတွင် ကျင်းပခဲ့ပါကြောင်း၊ ခရိုင်မြို့များနှင့် မြို့နယ်များတွင်လည်း ကျင်းပခဲ့ပါကြောင်း၊ ယခုဆိုလျှင် မြန်မာနိုင်ငံအတွင်းရှိ နေရာအများအပြားတွင် ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကျင်းပနိုင်ခဲ့ခြင်းမှာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုကြောင့် ဖြစ်ပါကြောင်း။

ကလေးစာပေပွဲတော်များကို ကလေးများ ပျော်ရွှင်စေရန်နှင့် ကလေးစာပေပွဲတော်များမှတစ်ဆင့် ကလေးများ စာဖတ်သည့် အလေ့အကျင့်များ ဖြစ်ပေါ်လာပြီး စာပေဝန်းကျင်တွင် ပျော်မွေ့တတ်စေရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါကြောင်း၊ ကလေးစာပေပွဲတော်များကို စာပေဖတ်ရှုသည့် အလေ့အကျင့်သာမက ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်များ ရရှိစေရန်အတွက် အများနှင့်ပေါင်းစပ်ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပခဲ့ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကလေးငယ်များ စာဖတ်သည့် အလေ့အကျင့်ရရှိစေရန်အတွက် ကလေးစာပေပွဲတော်များအပြင် ဝန်ကြီးဌာနမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများတွင် ကလေးစာဖတ်ခန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

### လူတော်လူကောင်းများဖြစ်လာကြ

ကလေးငယ်များကို ငယ်ရွယ်သည့်အရွယ်မှစတင်ကာ စာဖတ်သည့်အလေ့အထကို ပြုစုပျိုးထောင်လျှင် ယခုပြောဆိုနေကြသည့် Life Long Learning အလေ့အကျင့်ကို လေ့ကျင့်ပြုစုပြီးသားဖြစ်မည်ဖြစ်ပါကြောင်း၊ စာဖတ်သည့်အလေ့အကျင့်နှင့် အများနှင့် ပူးပေါင်းဆောင်ရွက်တတ်သည့်အလေ့အကျင့် ရင့်သန်လာသော ကလေးငယ်များသည် လူတော် လူကောင်းများ ဖြစ်လာကြမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ နိုင်ငံမှ ကလေးငယ်များသည် လူတော်လူကောင်းများ ဖြစ်လာကြပါက နိုင်ငံ၏အနာဂတ်သည်လည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### အမှာစကားပြောကြား

အလားတူ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် အခြေခံပညာကျောင်းများ၊ ပညာရေးကောလိပ်နှင့် မြစ်ကြီးနားတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူများနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပွဲတော်အတွင်း လှည့်လည်ကြည့်ရှုကြသည်။**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကလေးစာပေပွဲတော် (မြစ်ကြီးနား) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် အမှာစကားပြောကြားစဉ်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် အမှာစကားပြောကြားစဉ်။



ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း အမှာစကားပြောကြားစဉ်။

## အလောင်းတော်ကဿပ ဘုရားဖူးလာသူများ တည်းခိုဆောင်များတွင် အခမဲ့တည်းခိုနိုင်

**ကနီ ဇန်နဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်းရှိ အလောင်းတော်ကဿပ စံကျောင်းတော်နှင့်ရုပ်ကလာပ်တော်တည်ရှိရာ လိုဏ်ဂူတော်သို့ ညအိပ်လာရောက်ဖူးမြော်ကြသည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များအဆင်ပြေစွာ တည်းခိုနေထိုင်နိုင်ရေး ဂေါပကအဖွဲ့က တည်းခိုဆောင်များတွင် နေရာချထားပေးလျက်ရှိကြောင်း သိရသည်။

"တချို့နယ်က ဘုရားဖူးဧည့်သည်တွေက မွန်းလွဲပိုင်းလောက်မှ အလောင်းတော်ကဿပကို တက်လာတယ်၊ ရုပ်ကလာပ်တော်စံကျောင်းနဲ့ လိုဏ်ဂူတော်ကို ညနေပိုင်းမှာဖူးကြပြီး တောင်ပေါ်မှာပဲ ညအိပ်တည်းခိုကြတယ်၊ နောက်တစ်နေ့နံနက်စောစောမှာလွမ်းစေတီဘက်ကိုသွားကြတယ်၊ အပြန်မှာတစ်ခါတည်းအောက်ကို ပြန်ဆင်းကြတယ်၊ အဲဒီလိုညအိပ်လာကြတဲ့ဘုရားဖူးဧည့်သည်တွေ အဆင်ပြေစွာနဲ့ တည်းခိုဖူးမြော်နိုင်စေဖို့ လုပ်ဆောင်ပေးတာပါ၊ တည်းခိုခ၊ ရေချိုးခပေးစရာမလိုပါဘူး၊ တည်းခိုဆောင်တွေမှာ လာရောက်တည်းခိုကြတဲ့ ဘုရားဖူးဧည့်သည်တွေကို နေရာချထားရေးအဖွဲ့က စနစ်တကျရှိအောင် တည်းခိုဆောင်တွေမှာနေရာချထားပေးနေပါတယ်၊ တည်းခိုမယ့်သူတွေကလည်း တည်းခိုဆောင်တွေကို ရောက်ရင် နေရာချထားရေးအဖွဲ့ထံ အကြောင်းကြားပြီးတည်းခိုနိုင်ပါတယ်" ဟု အလောင်းတော်ကဿပ ဂေါပကအဖွဲ့၏ တွဲဖက်အတွင်းရေးမှူး ဦးထိမောင်က ပြောသည်။

မြန်မာပြည်အရပ်ရပ်မှ အလောင်းတော်ကဿပသို့ ညအိပ်လာရောက်ဖူးမြော်လည်ပတ်ကြသည့် ဘုရားဖူးဧည့်သည်များအဆင်ပြေချောမွေ့စွာ တည်းခိုနေထိုင်ရေးအတွက် တည်းခိုဆောင် ၂၀ ကျော်ဖြင့် ဂေါပကအဖွဲ့၏ ကြိုဆို နေရာချထားရေးအဖွဲ့က စီစဉ်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**






ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ ကလေးစာပေပွဲတော်(မြစ်ကြီးနား) ဖွင့်ပွဲအခမ်းအနားတွင် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်း-စာမျက်နှာ ၇)

# ကလေးစာပေပွဲတော်( မြစ်ကြီးနား )တွင် တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုပြခန်းများကို ပွဲတော်လာရောက်သူများ စိတ်ဝင်တစား ကြည့်ရှုလေ့လာ

**မြစ်ကြီးနား ဇန်နဝါရီ ၂၀**

သုံးရက်တာ ကျင်းပမည့် ကလေးစာပေပွဲတော်(မြစ်ကြီးနား)တွင် တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှု ပြခန်းများကို ပါဝင်ပြသထားပြီး အဆိုပါတိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုပြခန်းများကို ပွဲတော်လာရောက်သူ အများအပြားက စိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

**စိတ်ဝင်စားဖို့ကောင်း**

"ပွဲတော်မှာ ကျွန်မနဲ့ သူငယ်ချင်းတွေ အားလုံးအတူတူ စိတ်ဝင်တစား လေ့လာဖြစ်တာက တိုင်းရင်းသားစာပေနဲ့ ရိုးရာယဉ်ကျေးမှုပြခန်းတွေပါ။ တခြားပြခန်းတွေလည်း စိတ်ဝင်စားဖို့ကောင်းသလို ဗဟုသုတလည်း ရပါတယ်။ ကျွန်မတို့ ပိုပြီးလေ့လာဖြစ်တာက တိုင်းရင်းသားပြခန်းတွေပါ။ တိုင်းရင်းသားစာပေတွေရဲ့အကြောင်းကို မေးမြန်းလေ့လာကြတယ်။ စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ရိုးရာဝတ်စုံဝတ်ထားတဲ့ တိုင်းရင်းသားပြခန်းက အစ်ကိုအစ်မတွေနဲ့ အမှတ်တရဓာတ်ပုံရိုက်ကြတယ်။ ဒီလိုပဲ ရိုးရာအသုံးအဆောင်ပစ္စည်းတွေကလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။ ရိုးရာဝတ်စုံတွေက တန်ဖိုးကြီးတဲ့ပစ္စည်းတွေနဲ့ လုပ်ထားပြီးတော့ ကြည့်ရတာဆန်းတယ်၊ ရိုးမသွားဘူး။ ဒါကို လေ့လာရတော့ ရှေးကတည်းက ခေတ်မီတဲ့ ကျွန်မတို့ရဲ့ တိုင်းရင်းသား လူမျိုးတွေလို့ ခံစားမိတယ်"ဟု ပွဲတော်လာရောက်လေ့လာသူ မဝတ်ရည်က ပြောသည်။

ကလေးစာပေပွဲတော်(မြစ်ကြီးနား)တွင် တိုင်းလုံ၊ တိုင်းလေ၊ တိုင်းလိုင်၊ တိုင်းဆာ၊ တိုင်းခမ်းတီ၊ ဂျိန်းဖော၊ လီဆူ၊ ရဝမ်၊ ဇိုင်ဝါး၊ လာချိဒ်၊ လော်ဝေါ် စသည့် တိုင်းရင်းသားများ၏ စာပေနှင့် ရိုးရာယဉ်ကျေးမှုပြခန်းများ ပါဝင်ပြသထားကြောင်း သိရသည်။

**ဒါတို့တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုတွေ**

"ဒီလိုကလေးစာပေပွဲတော်မှာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုတွေ ပါဝင်ပြသရတာ ကောင်းပါတယ်။ ဒီမှာ ရိုးရာစာပေနဲ့ ယဉ်ကျေးမှုဓလေ့တွေကို ပြသတော့ အားလုံးက စိတ်ဝင်တစားနဲ့ လာပြီးလေ့လာကြတယ်။ ကလေးတွေဆိုရင် သေသေချာချာ မေးမြန်းပြီး လေ့လာကြတယ်။ သူတို့ကိုယ်တိုင်လည်း ဒီလိုလေ့လာကြရင်းနဲ့ ဒါ တို့တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုတွေဆိုပြီး ပြောနေကြတာ ကြားတော့ ဝမ်းသာမိတယ်။ တန်ဖိုးထားတဲ့အတွက် ကျေးဇူးတင်ဂုဏ်ယူမိပါတယ်"ဟု ပြခန်းတွင် ပါဝင်ပြသသည့် တိုင်းလေစာပေယဉ်ကျေးမှု ပြခန်းမှ မနန်းမြင့်ခေါ်နိက ပြောကြားသည်။



**ပေစာ၊ ပုရပိုက်စာတွေ ပြသထား**

"ကျွန်မတို့ပြခန်းမှာ စာပေနဲ့ပတ်သက်ပြီးပြသထားပါတယ်။ ဒီလိုပြသရာမှာ ရှေးတုန်းက သုံးခဲ့တဲ့စာပေနဲ့ အခုခေတ် ပြန်ပြီးမွမ်းမံပြုပြင်ထားတဲ့ စာတွေကိုလည်း ပြသထားပါတယ်။ ရှေးတုန်းက သုံးခဲ့တဲ့ ပေစာ၊ ပုရပိုက်စာတွေကိုလည်း ပြသထားပါတယ်။ ကျွန်မတို့ မျိုးနွယ်တွေ အရင်ကနေ အခုအထိ သုံးနေတဲ့ ငါးဖမ်းတဲ့ ပစ္စည်းတွေ၊ ချက်ပြုတ်တဲ့ နေရာမှာ သုံးစွဲတဲ့ ပစ္စည်းတွေကို ပြသထားပါတယ်။

**ဝတ်စားဆင်ယင်မှု**

"ကျွန်မတို့မှာ ဝတ်စားဆင်ယင်မှုနဲ့ ပတ်သက်ပြီး သတ်မှတ်ထားတာတွေလည်း ရှိပါတယ်။ အမျိုးသားတွေကတော့ ကလေးကနေ လူကြီးအထိ ဝတ်စားဆင်ယင်မှု တူပါတယ်။ အမျိုးသမီးတွေမှာ အရွယ်အလိုက် ပြောင်းလဲဝတ်စားဆင်ယင်တာမျိုး ရှိပါတယ်။ မိန်းကလေး ကလေးအရွယ်ဆို အင်္ကျီ၊ ဘောင်းဘီနဲ့ ပတ်ထမီအတိုကို ဝတ်ဆင်ကြတာမျိုးရှိတယ်။ အပျိုအရွယ်ဆို ခေါင်းပေါင်းနဲ့ ရောင်စုံပါတဲ့ ရိုးရာအင်္ကျီဝတ်ကြတယ်။ အိမ်ထောင်သည် အမျိုးသမီးဖြစ်သွားပြီဆိုရင် ရောင်စုံပါတဲ့ ရိုးရာအင်္ကျီ မဟုတ်တော့ဘဲ ခေါင်းပေါင်းနဲ့ အဖြူရောင်၊ ခဲရောင် ဒါမျိုးတွေ ဝတ်ကြပါတယ်။ လက်ဝတ်ရတနာဆိုရင်လည်း ငွေနဲ့လုပ်ထားတဲ့ လက်ဝတ်ရတနာတွေကို ဝတ်ကြပါတယ်"ဟု မနန်းမြင့်ခေါ်နိက ဆက်လက်ပြောကြားသည်။

လီဆူ စာပေနှင့်ယဉ်ကျေးမှုပြခန်းတွင် ရိုးရာရက်ကန်း ရက်လုပ်ပြသည့်အတွက် ကြည့်ရှုလေ့လာသူ များပြားပြီး ပြခန်းမှ ကိုဇော်ဝူက "ကျွန်တော်တို့ ပြခန်းမှာ ရိုးရာရက်ကန်းရက်လုပ်ခြင်းလုပ်ငန်းကို သရုပ်ပြပြီး ရက်လုပ်ပြတယ်။ ဒီလိုရက်လုပ်ပြတာကို သေချာစိတ်ဝင်တစား လာပြီးလေ့လာကြတယ်" ဟု ပြောသည်။

**ရဝမ်စာပေနှင့် ယဉ်ကျေးမှု**

အလားတူ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း တွဲဖက်အတွင်းရေးမှူး ဦးရင်ထန်ခင်ကလည်း ပြခန်းပါဝင်ပြသမှုနှင့် စပ်လျဉ်း၍ "ရဝမ်စာပေနဲ့ ပတ်သက်တာတွေကို ကလေးတွေက လေ့လာကြတယ်။ ပြီးတော့ ရိုးရာအသုံးအဆောင်ထဲမှာ ရေပန်းစားတဲ့ ဝါးနဲ့ ကြိမ်နဲ့ ရက်လုပ်ထားတဲ့ လွယ်အိတ်လေးတွေကိုလည်း ပြသထားတယ်။ ဒါကို လာကြည့်တဲ့သူတွေက စိတ်ဝင်စားကြတယ်။ ရဝမ်ရိုးရာ ခေတ်ဟောင်း၊ ခေတ်ပေါ် အဝတ်အစားတွေကို တတ်နိုင်သလောက် စုစည်းပြသထားတယ်။ ကျွန်တော်တို့ ရိုးရာဝတ်စုံတွေမှာ သူ့အဓိပ္ပာယ်နဲ့ သူရှိပါတယ်။ ရဝမ်အမျိုးသားတွေ ဆောင်းတဲ့ ဦးထုပ်မှာဆိုရင် အမဲလိုက်လို့ ရလာတဲ့ တောဝက်အစွယ် တပ်ဆင်ကြတယ်။ ဒီတောဝက်အစွယ်ရဲ့ အရှည်အတိုင်းအတာကို ကြည့်ပြီး ဦးထုပ်ရဲ့တန်ဖိုးကို အလေးထားဆုံးဖြတ်ကြတယ်" ဟု ပြောကြားသည်။



ကလေးစာပေပွဲတော်(မြစ်ကြီးနား)ကို ဇန်နဝါရီ ၂၀ မှ ၂၂ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်သည်။ **ရှင်မင်း၊ ဓာတ်ပုံ-ထိန်နန်နော်**

# ကလေးစာပေပွဲတော်(မြစ်ကြီးနား) လှုပ်ရှားမှု ပုံရိပ်များ


တိုင်းရင်းသူ ကလေးငယ်တစ်ဦး ဆေးရောင်ခြယ်ပြိုင်ပွဲ ပါဝင်ဆင်နွှဲစဉ်။


တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းတွင် ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာကြစဉ်။


တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းတွင် ကျောင်းသားများ လာရောက်လေ့လာကြစဉ်။


တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းတွင် ကျောင်းသူများ လာရောက်လေ့လာကြစဉ်။



ကလေးငယ်တစ်ဦး အရုပ်ဆက်ပြိုင်ပွဲ ပါဝင်ဆင်နွှဲစဉ်။


ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျောင်းသားများ ပါဝင်ကစားစဉ်။


တိုင်းရင်းသူ ကလေးငယ်တစ်ဦး ကဗျာရွတ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်စဉ်။


ကလေးငယ်များ အိမ်ဆောက်ပြိုင်ပွဲ ပါဝင်ဆင်နွှဲစဉ်။


စာပေစကားဝိုင်း ဆွေးနွေးပွဲ ကျင်းပစဉ်။

**✻ ကျောဖုံးမှ**

စတင်ပြီး ဂုဏ်ပြုတပ်ဖွဲ့က လာအိုနိုင်ငံအလံအား လွှင့်ထူ၍ လာအိုနိုင်ငံတော်သီချင်းအား သံပြိုင်သီဆိုကြသည်။ ယင်းနောက် လာအိုပြည်သူ့တပ်မတော်မှ Major General Sonthong Phommalavong က လာအိုပြည်သူ့တပ်မတော်သမိုင်းကြောင်းအား အကျဉ်းချုပ်ရှင်းလင်းပြောကြားသည်။

**ချီတက်အလေးပြု**

ထို့နောက် လာအိုပြည်သူ့သမ္မတနိုင်ငံ သမ္မတ Mr. Bounnhang Vorachith က မိန့်ခွန်းပြောကြားပြီး ကာကွယ်ရေးဝန်ကြီးက စစ်ရေးပြတပ်ဖွဲ့များအား မော်တော်ယာဉ်ဖြင့်စစ်ဆေးသည်။ ယင်းနောက် အလံကိုင်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ လာအိုတပ်မတော်လွတ်မြောက်ရေးတပ်ဖွဲ့၊ လာအိုပြည်သူ့တပ်မတော်လွတ်မြောက်ရေးတပ်ဖွဲ့၊ လာအိုပြည်သူ့တပ်မတော်အမျိုးသမီးတပ်ဖွဲ့၊ လေတပ်ဖွဲ့၊ နယ်စပ်ရေးရာတပ်ဖွဲ့၊ ခြေလျင်တပ်ဖွဲ့၊ ဆက်သွယ်ရေးတပ်ဖွဲ့၊ ဆေးပညာတပ်ဖွဲ့၊ နယ်ခြားစောင့်တပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့၊ ကိုယ်ခံပညာတပ်ဖွဲ့၊ သံချပ်ကာတပ်ဖွဲ့မှ သံချပ်ကာယာဉ်များ၊ အမြောက်တပ်ဖွဲ့မှ အမြောက်ဆွဲယာဉ်များ၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့မှ လေကြောင်းရန်ကာကွယ်ရေးယာဉ်များ၊ ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ဖွဲ့မှ ဆောက်လုပ်ရေးယာဉ်များနှင့် စစ်တီးဝိုင်းတပ်ဖွဲ့တို့က စစ်ရေးပြအစီအစဉ်အတိုင်း ချီတက်အလေးပြုကြသည်။

**စွမ်းရည်သရုပ်ပြ**

ထိုသို့ ချီတက်အလေးပြုနေစဉ်အချိန်အတွင်း ရဟတ်ယာဉ်များက လာအိုနိုင်ငံအလံ၊ ပါတီအလံနှင့် လာအိုပြည်သူ့တပ်မတော်အလံများအား ချိတ်ဆွဲပျံသန်းပြီး ဂျက်တိုက်လေယာဉ်များက စွမ်းရည်သရုပ်ပြ အလှပြမောင်းနှင်ကြသည်။ ထို့အတူ လေထီးတပ်ဖွဲ့မှ လေထီးခုန်စစ်သည်၊ စစ်သမီးများက လာအိုနိုင်ငံအလံ၊ ပါတီအလံ၊ လာအိုပြည်သူ့တပ်မတော်အလံနှင့် ရောင်စုံအလံများအား ချိတ်ဆွဲ၍ စစ်ရေးပြကွင်းအတွင်းသို့ ဂုဏ်ပြုဆင်းသက်ကြပြီး လာအိုပြည်သူ့တပ်မတော်မှ Major General Sonthong Phommalavong က စစ်ရေးပြအခမ်းအနားများ ပြီးဆုံးကြောင်းကြေညာ၍ ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်ပြီး ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည့် လာအိုပြည်သူ့တပ်မတော်တည်ထောင်မှု နှစ်(၇၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ အဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၀**

ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ အဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။




**ပူးပေါင်းဆွေးနွေးဆောင်ရွက်**

အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဖွင့်အမှာစကား ပြောကြားရာတွင် ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ပြသနိုင်ရေးအတွက် အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြရာ ယခုဆိုလျှင် ရိုက်ကူးရေးနှင့်ပတ်သက်ပြီး ဒါရိုက်တာအပါအဝင် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ အင်အားပိုမိုတောင့်တင်းလာကြောင်း၊ ဇာတ်ညွှန်းပိုင်းဆိုင်ရာတွင် အခန်းစဉ် ၁၁၆ ခန်းအထိ ဇာတ်ကားတစ်ကားစာ အခန်းစဉ်များကို ပြုစုနိုင်ခဲ့ကြပြီဖြစ်ကြောင်း၊ သမိုင်းပညာရှင်များ၏ ကူညီထောက်ပံ့မှုများ ရရှိခဲ့သည်ကိုလည်း အသိအမှတ်ပြုရမည်ဖြစ်ကြောင်း၊ ရုပ်ရှင်ရိုက်ကူးရာတွင် သမိုင်းဆိုင်ရာ ကျောရိုးအချက်အလက်များ အငြင်းပွားဖွယ်မရှိအောင် ပြည့်စုံနေရန်လိုအပ်သလို ရသပိုင်းဆိုင်ရာတွင်လည်း အားနည်းမသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုနည်းတူစွာ နည်းပညာရပ်ဆိုင်ရာ အသုံးချမှုတွင်လည်း ခေတ်နှင့်အမီ ရင်ပေါင်တန်း အားထုတ်နိုင်ရန် ပြင်ဆင်ကြိုးပမ်းကြရမည်ဟု ခံယူပါကြောင်း၊ လက်ရှိအနေအထားတွင် ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့အနေဖြင့် နည်းပညာရပ်ဆိုင်ရာ ပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်နေပြီဟု ယုံကြည်ပါကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ဇာတ်ကားသည် ဖြစ်ရပ်မှန်သမိုင်းကြောင်းကို ရိုက်ကူးမည်ဖြစ်သည့်အတွက် သမိုင်းအချက်အလက် တိကျမှန်ကန်မှုရှိခြင်း၊ ဇာတ်ညွှန်းအားကောင်းခြင်း၊ သရုပ်ဆောင်မှုပီပြင်ခြင်း၊ တေးဂီတပံ့ပိုးမှုများအပါအဝင် ရိုက်ကူးတည်းဖြတ်မှု အဆင့်အတန်းမြင့်မားခြင်း အပေါ်တွင်လည်း မူတည်သည်ဟု ခံယူပါကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဇာတ်ကားကို ပြည်ပအထိ ဖြန့်ချိပြသနိုင်ရန် ရည်ရွယ်ထားသည့်အတွက် ဇာတ်လမ်းအခန်းစဉ်နှင့် ဇာတ်ညွှန်းပြည့်စုံလျှင် စာတန်းထိုးနိုင်ရန် အဆင့်မီ ဘာသာပြန်ကိစ္စများကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်ထားနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဇာတ်လမ်းအခန်းစဉ်ပြုစုမှုအဆင့်၊ ဇာတ်ညွှန်းရေးသားမှုအဆင့်မှ ရိုက်ကူးထုတ်လုပ်ပြသမှုအဆင့်အထိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အနုပညာရှင်၊ အတတ်ပညာရှင်များ ဝိုင်းဝန်း ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးကြပါရန် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးထွန်းအုံက ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး-၂ ဦးလူမင်းက ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆပ်ကော်မတီအသီးသီးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြကာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

**○ အပြည်ပြည်ဆိုင်ရာမှ**

ထိုပြိုင်ပွဲကြီးတွင် ဂျပန်၊ စင်ကာပူ၊ ထိုင်း၊ တရုတ်၊ မလေးရှား၊ ပြင်သစ်၊ UK နှင့် ဟောင်ကောင်တို့မှ နိုင်ငံတကာအပြေးသမား ၆၆၀၊ ပြည်တွင်း မြန်မာ့လက်ရွေးစင်အပြေးသမားများနှင့် လက်ရှိမာရသွန်ပြိုင်ပွဲဝင်ကစားသမားများ၊ အပြေးဝါသနာပါသူများ၊ ကျန်းမာရေးလေ့လာလိုက်စားသူများအပါအဝင် ကစားသမားပေါင်း ၈၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲ၏ အမြင့်ဆုံးမာရသွန်အပြည့် ၄၂ ကီလိုမီတာတန်းတွင် ကစားသမား ၃၇၁ ဦး၊ တစ်ဝက်မာရသွန် ၂၁ ကီလိုမီတာတန်းတွင် ကစားသမား ၁၇၄၄ ဦး၊ စိန်ခေါ်မာရသွန် ၁၀ ကီလိုမီတာတန်းတွင် ၃၆၄၆ ဦး၊ ၃ ကီလိုမီတာတန်းတွင် ၃၂၂၇ ဦး စုစုပေါင်းကစားသမား ၈၉၈၈ ဦးဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက တာလွှတ်အလံမြှောက်ကာ အချက်ပေး တာလွှတ်ရာ ပြိုင်ပွဲဝင် ကစားသမားများက သုဝဏ္ဏပြိုင်ပွဲရုံ-၁ မှ စတင်တာထွက်ပြီး ဝေဇယန္တာလမ်း-ပုဇွန်တောင်လမ်း-ကမ်းနားလမ်း -ကြည့်မြင်တိုင် - ဗဟိုလမ်း - လှိုင်-ရွှာမလမ်း- အင်းစိန်လမ်းမ - အောင်သိဒ္ဓိလမ်းဆုံ- အင်းလျားလမ်း - ကမ္ဘာအေးဘုရားလမ်း- ကျောက်ကုန်း- မိုးကောင်းလမ်း - လေးထောင့်ကန်လမ်းနှင့် သုဝဏ္ဏဘောလုံးကွင်းအတိုင်း ပြိုင်ပွဲရုံသို့ ပန်းဝင်ကာ ရန်ကုန်မြို့တစ်ခွင်ကို သတ်မှတ်ကီလို အကွာအဝေးအလိုက် ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ပေးအပ်ချီးမြှင့်**

ပြိုင်ပွဲများအပြီးတွင် ကီလိုတန်းသုံးခုအား ဆုများချီးမြှင့်ရာ ၄၂ ကီလိုမီတာတန်း အမျိုးသား၊ အမျိုးသမီးအလိုက် ပထမဆုအမေရိကန်ဒေါ်လာ ၂၇၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၁၄၀၀၊ တတိယဆုအမေရိကန်ဒေါ်လာ ၉၀၀ ကိုချီးမြှင့်သည်။ ၂၁ ကီလိုမီတာ အမျိုးသား၊ အမျိုးသမီး ပထမဆုကို အမေရိကန်ဒေါ်လာ ၁၆၀၀၊ ဒုတိယဆုကို အမေရိကန်ဒေါ်လာ ၉၀၀၊ တတိယဆုကို အမေရိကန်ဒေါ်လာ ၅၀၀ ချီးမြှင့်သည်။ ၁၀ ကီလိုတန်းတွင် အမျိုးသား၊ အမျိုးသမီးအလိုက် ပထမဆုကို အမေရိကန်ဒေါ်လာ ၈၀၀၊ ဒုတိယဆုကို အမေရိကန်ဒေါ်လာ ၄၀၀၊ တတိယဆုကို အမေရိကန်ဒေါ်လာ ၂၅၀ ချီးမြှင့်သည်။ ဆုများကို ပြိုင်ပွဲကျင်းပရေးကော်မတီ နာယကများဖြစ်သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဆုရပြိုင်ပွဲဝင်ကစားသမားများအား ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

ထိုပြိုင်ပွဲကြီးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC)၊ Yoma Strategic Holding (YSH) နှင့် First Myanmar Investment (FMI) တို့ ပူးပေါင်းစီစဉ် ကျင်းပခြင်းဖြစ်သည်။ ထိုပြိုင်ပွဲကြီးကို နိုင်ငံတကာ မာရသွန်ပြိုင်ပွဲကျင်းပရေးအဖွဲ့၏ ကမ်းလှမ်းချက်ဖြင့် မြန်မာနိုင်ငံသားများ ကျန်းမာသန်စွမ်းကာ နိုင်ငံတကာအဆင့်မီ အားကစားစိတ်ဓာတ်များနှင့် အားကစားအသိအမြင် ဗဟုသုတများ ပိုမိုကြွယ်ဝစေရန် နှစ်စဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ-မျိုးကြီး**

**✻ MFF Amateur League မှ**

ဦးစိန်ဝင်းကြီးနှင့် ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးတင်သိန်းတို့က ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တတိယဆုရ Dragon.FC အသင်းအား တိုင်းဒေသကြီး အား/ကာ ညွှန်ကြားရေးမှူး ဦးဝေဇင်က ဆုငွေ ကျပ် ၁၅ သိန်း၊ ဒုတိယဆုရ အားသစ် FC အသင်းအား YDPPC ဥက္ကဋ္ဌ ဒေါ်မေမြတ်နွယ်က ဆုငွေကျပ် နှစ်သိန်းနှင့် ကျောင်းအုပ်ကြီးညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ဆုငွေကျပ် သိန်း ၂၀ တို့ကို ပေးအပ်ချီးမြှင့်ကာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်က ပထမဆုရ ကြယ်စင်စု FC အသင်းအား ဆုငွေကျပ် သိန်း ၃၀ နှင့် YDPPC ဥက္ကဋ္ဌက ဆုငွေကျပ် ငါးသိန်းတို့ကို ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**





ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ၁၆ ရပ်ကွက်လုံးဆိုင်ရာ ပြည်သာယာဓမ္မာရုံ၏ နဝမအကြိမ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲနှင့် စာရေးတံမဲ (နဝကမ္မ) ကပ်လှူပူဇော်ပွဲကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲပိုင်းတွင် ကျင်းပရာ ပင့်သံဃာ ၂၁၅ ပါးတို့အတွက် စာရေးတံမဲ (နဝကမ္မ) အလှူငွေကျပ် ၈၂၉၀၀၀၀ ကပ်လှူခဲ့ပြီး ရပ်ကွက်နေပြည်သူများက သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။ **ဌေးနိုင်**

# ယက္ခပူရ ယဉ်ကျေးမှုအလှခေါင်းစဉ်ဖြင့် ရေးသူဖတ်သူဆွေးနွေးပွဲပြုလုပ်

**ပဲခူး ဇန်နဝါရီ ၂၀**

ဆရာ ဝိသဇ္ဇက(ပဲခူး)၏ ယက္ခပူရ ယဉ်ကျေးမှုအလှခေါင်းစဉ်ဖြင့် စာအုပ်အပေါ် ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်း၊ သုံးသပ်ဆွေးနွေးခြင်း၊ စာရေးသူ၊ စာဖတ်သူ ဆွေးနွေးပွဲ အခမ်းအနားကို ပဲခူးမြို့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမတွင် ယနေ့ကျင်းပသည်။

ယင်းစာအုပ်မှာ ၂၀၁၅ ခုနှစ် စာပေဗိမာန်စာပေဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရစာအုပ်ဖြစ်သည်။ ၂၀၁၈ ခုနှစ် ပထမအကြိမ်အုပ်ရေ ၁၀၀၀ ပုံနှိပ်ထားခြင်းဖြစ်ကြောင်းသိရသည်။

ယင်းစာအုပ်အပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်ကာ ရေးသူဖတ်သူတို့ အပြန်အလှန် ဝိုင်းဝန်းဆွေးနွေးခြင်းဖြင့် မြန်မာစာပေ ပိုမိုဖွံ့ဖြိုးတိုးတက်စေလျက် သမိုင်းစာမျက်နှာတိကျစေခြင်းအလို့ငှာ စာရေးသူက လူမျိုးတစ်မျိုး၏ အကြောင်းကို သမိုင်းစဖော်ထုတ်ရာတွင်လည်း တိကျမှန်ကန်စေလို၍ ဆွေးနွေးကြရန် တင်ပြထားခြင်းဖြစ်ကြောင်း စာရေးသူက ပြောကြားသည်။

သမိုင်းစာအုပ်တစ်အုပ် ဖန်တီးရာ၌ အမှန်ဖြစ်စေမှုအပြင် စာဖတ်သူများ စိတ်ဝင်စားအောင်လည်း ကြိုးစားထားကြောင်းကို စာရေးသူက ပြောကြားသည်။

ထို့နောက် စာဖတ်သူ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း Book Club အဖွဲ့မှ တက်ရောက်သူများနှင့် ဆွေးနွေးကြပြီး စာဖတ်သူဆရာ ဦးကောင်းညွန့်က အချင်းချင်းရင်းနှီးမှု၊ ဆက်ဆံရေးပြေပြစ်ကောင်းမွန်မှုရနိုင်ကြောင်းနှင့် တစ်ဦးအကြောင်း တစ်ဦးက သဘောပေါက်နားလည်လျှင် ဆက်ဆံမှုပြေပြစ်နိုင်မည်ဖြစ်ကြောင်း၊ ယင်းသို့ သဘောပေါက်နားလည်ချိန်မှ ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများကိုလည်း သိရှိကြမှာဖြစ်ကြောင်း၊ လူမျိုးနွယ်စုတို့၏ မှတ်သားဖွယ်ရာကို ညွှန်းဆိုရပါမူ လောက၌ အချစ်အမျိုးမျိုးရှိသည့်အနက် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသနှင့်ကိုးကွယ်ရာဘာသာအပြင် အခြားအချစ်မရှိကြောင်းနှင့်မျိုးနွယ်စုမှတ်တမ်းကို ညွှန်းဆိုပြောကြားသွားသည်။

ယင်းသို့ ရေးသူ၊ ဖတ်သူဆွေးနွေးပွဲကို ပဲခူးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမတွင် လစဉ် တစ်လတစ်ကြိမ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

၁၄၂



# China LPGA Tour 2019 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာပရော်ဖက်ရှင်နယ် အမျိုးသမီးဂေါက်ကစားသမား ယဉ်မေမျိုး လက်ရည်စစ်ပွဲအောင်မြင်



**ရန်ကုန် ဇန်နဝါရီ ၂၀**

China LPGA Tour 2019 ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် လက်ရည်စစ်ပွဲကို ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ တရုတ်နိုင်ငံ၌ ကျင်းပခဲ့ရာ မြန်မာပရော်ဖက်ရှင်နယ် အမျိုးသမီးဂေါက်သီးရိုက်ကစားသမား ယဉ်မေမျိုး လက်ရည်စစ်ပွဲအောင်မြင်ခဲ့သည်။

ယဉ်မေမျိုးသည် ၂၀၁၉ ခုနှစ်အတွက် ကျင်းပသည့် China LPGA Tour 2019 ဝင်ခွင့်အတွက် ယှဉ်ပြိုင်ရာတွင် အဆင့် (၂၈) နေရာမှ လက်ရည်စစ်ပွဲအောင်မြင်ခဲ့ခြင်းလည်းဖြစ်သည်။ ထို့ကြောင့် ယဉ်မေမျိုးသည် China LPGA Tour 2019 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် ပထမဆုံး မြန်မာပရော်ဖက်ရှင်နယ် အမျိုးသမီးဂေါက်သီးရိုက်ကစားသမားဖြစ်လာခဲ့သည်။ မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမားများသည် ယခုနောက်ပိုင်းတွင် နိုင်ငံတကာပြိုင်ပွဲများ၌ ဆက်တိုက်ယှဉ်ပြိုင်ခွင့်ရလာပြီး အမျိုးသားကစားသမား ရဲထက်အောင်မှာမူ ဒီဇင်ဘာလက ထိုင်းနိုင်ငံ၌ ကျင်းသည့် Asian Tour ပြိုင်ပွဲတွင် လက်ရည်စစ်ပွဲအောင်မြင်ခဲ့သည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်**

# ရန်ပိုင်စိုး၏ သွင်းဂိုးများဖြင့် ရောဝတီအသင်း ပထမဆုံးနိုင်ပွဲရရှိ

**ရန်ကုန် ဇန်နဝါရီ ၂၀**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကွင်းသုံးကွင်း၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရန်ကုန်၊ ရောဝတီနှင့် ဟံသာဝတီအသင်းတို့ နိုင်ပွဲရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ရောဝတီအသင်းက မကွေးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ရောဝတီအသင်း၏ ကျေနပ်စရာကောင်းသည့် နိုင်ပွဲဖြစ်ခဲ့ပြီး တောင်ပံကစားသမား ရန်ပိုင်စိုး၏ သွင်းဂိုးများဖြင့် ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ ရောဝတီအသင်းသည် အဝေးကွင်း ဆက်တိုက်ကစားနေရခြင်းဖြစ်ပြီး ပွဲစဉ် (၁) တွင် ရတနာပုံနှင့် သရေကျခဲ့ပြီး ယခုပွဲတွင် မကွေးအသင်းကို နှစ်ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အမာခံကစားသမားများ ထွက်ခွာပြီး လူငယ်ကစားသမားများဖြင့် ပြန်လည်တည်ဆောက်နေရသည့် မကွေးအသင်းမှာမူ အသင်းကြီးများနှင့် တွေ့ဆုံရာတွင် လိုအပ်ချက်များရှိနေပြီး ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။

မကွေးအသင်းသည် စိုးလွင်လွင်၊ အောင်မြင့်ထွန်း၊ ဝင်းမိုးကျော်၊ မြတ်ထွန်းသစ်၊ စိုးအာကာတို့ဖြင့် ပွဲထွက်ခဲ့ပြီး ရောဝတီအသင်းမှာမူ ဆာဆက်ကို အထောင်တိုက်စစ်မှူးအဖြစ် အသုံးပြုကာ သီဟဇော်၊ အောင်ကျော်နိုင်၊ ကျော်ဇင်ဖြိုး (ဂိုး)၊ ဇော်လင်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ ရောဝတီ တိုက်စစ်မှူး မာတူနာမှာ ဒဏ်ရာရနေ၍ တိုက်စစ်တွင် ဆာဆက်ကို သီဟဇော်နှင့် တွဲဖက်အသုံးပြုခဲ့သည်။ ပထမပိုင်းတွင် ရောဝတီအသင်းက ပိုဖိကစားနိုင်ပြီး မကွေးအသင်းမှာမူ ရံဖန်ရံခါသာ ထိုးဖောက်နိုင်ခဲ့သည်။ ၁၉ မိနစ်တွင် ရောဝတီအသင်း ဂိုးစရခဲ့ပြီး အောင်ကျော်နိုင် ကန်တင်ပေးသည့်ဘောလုံးကို ရန်ပိုင်စိုးက ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် မကွေးအသင်းက ချေပဂိုးရရန် အားထည့်လာပြီး ရောဝတီနောက်တန်း အမှားအယွင်းမရှိ ဖျက်ထုတ်နိုင်ခဲ့သည်။ ရောဝတီအသင်းအတွက် ဒုတိယဂိုးကို ၈၆ မိနစ်တွင် ရန်ပိုင်စိုးက သွင်းယူခဲ့သည်။

**ဟံသာဝတီအသင်းနှင့် ရန်ကုန်အသင်း အနိုင်ရ**

မုံရွာကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက စစ်ကိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၅၄ မိနစ်တွင် လားဒင်မောရက သွင်းယူပေးခဲ့သည်။ YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက Chinland အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းသည် ဂိုးပြတ်နိုင်ပွဲ ထပ်မံရယူနိုင်ခဲ့ပြီး ရာနှုန်းပြည့်နိုင်ပွဲဖြင့် ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

**ရှိုင်းထက်ဇော်**



# မက္ကဆီကိုနယ်စပ်တံတိုင်း ကာရံခွင့်ပြုမည်ဆိုပါက ရွှေ့ပြောင်းဒုက္ခသည်များအား ပြည်နှင်ဒဏ်ပေးခြင်းမှ ကင်းလွတ်ခွင့်ပေးမည်ဟု သမ္မတထရန့် ဆို

**ဝါရှင်တန် ဇန်နဝါရီ ၂၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ကွန်ဂရက်အနေဖြင့် မက္ကဆီကိုနယ်စပ်တံတိုင်း ကာရံရန် ရသုံးလိုငွေခွင့်ပြုပေးမည်ဆိုပါက အမေရိကန်ပြည်ထောင်စုအတွင်းသို့ တရားမဝင် ဝင်ရောက်ရန်ကြိုးပမ်းကြသည့်နေရပ်စွန့်ခွာ ရွှေ့ပြောင်းဒုက္ခသည်များအား ပြည်နှင်ဒဏ်ပေးခြင်းမှ ယာယီကင်းလွတ်ခွင့် ပေးမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၉ ရက်တွင် သူ၏မိန့်ခွန်းတစ်ရပ်၌ ထည့်သွင်းပြောကြားခဲ့သည်။

သမ္မတထရန့်အနေဖြင့် ၎င်း၏လူဝင်မှုကြီးကြပ်ရေးမူဝါဒကို အနည်းငယ်လျှော့ချပစ်ခြင်းသည် ဒီမိုကရက်တစ်ခေါင်းဆောင်များနှင့် နယ်စပ်တံတိုင်းကာရံရန် ကိစ္စအတွက် သဘောတူညီမှုရရှိရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။ ထို့အပြင် ၂၉ ရက်ခန့်ကြာမြင့်ပြီဖြစ်သည့် အစိုးရအဖွဲ့အစည်း ယန္တရားရပ်ဆိုင်းမှု ပြန်လည်စတင်လည်ပတ်နိုင်ရေးအတွက် ကြိုးပမ်းခြင်းတစ်ရပ်လည်း ဆိုနိုင်သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ထင်မြင်ယူဆကြသည်။

နိုင်ငံအတွင်း နေထိုင်ခွင့်သက်တမ်းကုန်ဆုံးသွားပြီဖြစ်သည့် ရွှေ့ပြောင်းဒုက္ခသည် ၃၀၀၀၀၀ အပါအဝင် နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ရွှေ့ပြောင်းဒုက္ခသည်များ၏ ကလေးငယ် ၇၀၀,၀၀၀ ခန့်တို့အား ပြည်နှင်ဒဏ်ပေးခြင်းမှ သုံးနှစ်ခန့် ယာယီကင်းလွတ်ခွင့်ပေးမည်ဖြစ်သည်ဟု သမ္မတထရန့်က သူ၏မိန့်ခွန်းထဲတွင် ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။



ထိုသို့ ကင်းလွတ်ခွင့်ပေးခြင်းသည် စစ်မှန်သောလူဝင်မှုကြီးကြပ်ရေးမူဝါဒ ပြုပြင်ပြောင်းလဲရေးကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ယုံကြည်မှုတည်ဆောက်ခြင်းပင်ဖြစ်သည်ဟု သမ္မတထရန့်က ဆိုသည်။

သမ္မတထရန့်သည် မက္ကဆီကိုနယ်စပ် တံတိုင်းကာရံရန် ဒေါ်လာ ၅ ဒသမ ၇ ဘီလီယံ တောင်းခံထားသည့်အပြင် အရေးပေါ် လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးခြင်းအတွက် ဒေါ်လာ သန်း ၈၀၀ နှင့် အမေရိကန်ဆိပ်ကမ်း ဝင်ပေါက်များတွင် မူးယစ်ဆေးဝါးသယ်ဆောင်လာခြင်းရှိမရှိ စုံစမ်းသိရှိနိုင်သည့် နည်းပညာဖွံ့ဖြိုးမှုအတွက် ဒေါ်လာ ၈၀၅ သန်း တောင်းခံထားကြောင်း သိရသည်။

သမ္မတထရန့်၏ အဆိုပြုချက်သည် ပြည်သူများ၏ဘဝကို အမှန်တကယ်စောင့်ရှောက်ပေးနိုင်သည့် အပြုသဘောဆောင်သော ကြိုးပမ်းချက်တစ်ရပ်မဟုတ်သည့်အတွက် မည်သည့်အကြောင်းနှင့်မျှ လက်သင့်ခံနိုင်စရာအကြောင်းမရှိဟု အောက်လွှတ်တော် ဥက္ကဋ္ဌ နန်စီပီလိုစီက ဆိုသည်။

သမ္မတထရန့်အနေဖြင့် ၎င်းကာကွယ်ပေးမည်ဆိုသည့် ရွှေ့ပြောင်းဒုက္ခသည်များအပေါ် အကာအကွယ်ပေးထားသည့် ယခင်ဥပဒေများကို ၎င်းကိုယ်တိုင်ပင် ဖျက်ဆီးပစ်ခဲ့သည်ဟု ထင်မြင်မိပါကြောင်း ဒီမိုကရက်တစ်ခေါင်းဆောင် ချပ်ရှူမာက ပြောကြားခဲ့သည်။ ထို့ပြင် ယခုကမ်းလှမ်းခြင်းသည်လည်း အပေးအယူလုပ်ခြင်းမဟုတ်ဘဲ ဓားစာခံငွေညှစ်တောင်းခံခြင်းပုံစံမျိုးသာဖြစ်သည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**





# ကမ္ဘာ့အသက်အကြီးဆုံး ဂျပန်အဘိုး အသက် ၁၁၃ နှစ်တွင် ကွယ်လွန်

**ကျိုတို ဇန်နဝါရီ ၂၀**

ကမ္ဘာ့အသက်အကြီးဆုံးအဖြစ် ဂရင်းနစ်စံချိန်တင်ထားသည့် အသက် ၁၁၃ နှစ်ရှိ ဂျပန်အဘိုးအို မာဆာဇို နိုနာကာသည် ဇန်နဝါရီ ၂၀ ရက်တွင် ကွယ်လွန်သွားခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ် အရ သိရသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် ကမ္ဘာ့အသက်အကြီးဆုံးဂရင်းနစ်စံချိန်တင်ထားသည့် စပိန်နိုင်ငံသား ဖရန်စစ္စကို နူနက်ဇ် အိုလီဗာရာ သေဆုံးခဲ့ပြီးနောက် အသက် ၁၁၃ နှစ်ရှိ ဂျပန်အဘိုးအို မာဆာဇို နိုနာကာအား ကမ္ဘာ့အသက်အကြီးဆုံးအဖြစ် လွန်ခဲ့သောနှစ် ဧပြီလက ဂရင်းနစ်စံချိန်တင် စာရင်းသွင်းထားခဲ့သည်။

နိုနာကာ ကို ၁၉၀၅ ခုနှစ် ဇူလိုင်လတွင် မွေးဖွားခဲ့ပြီး ဂျပန်နိုင်ငံမြောက်ပိုင်း ဟိုကိုင်ဒိုကျွန်းတွင် မိသားစုနှင့်အတူ နေထိုင်ကြောင်း သိရသည်။

ဇန်နဝါရီ ၂၀ ရက်နံနက်ပိုင်းတွင် နိုနာကာ အသက်ရှူရပ်သွားသည်ကို သူ၏ မိသားစုဝင်များက သတိပြုမိခဲ့သည်ဟု မိသားစုဝင်တစ်ဦးက ဆိုသည်။ ထို့နောက် နိုနာကာ သေဆုံးသွားပြီဖြစ်ကြောင်း မိသားစုဆရာဝန်က အတည်ပြုပြောကြားခဲ့သည်။

ဇန်နဝါရီ ၁၉ ရက်ထိတိုင် နိုနာကာသည် ကျန်းမာရေးကောင်းလျက်ရှိသည်ဟု မိသားစုဝင်များက ဆိုသည်။

နိုနာကာသည် ဟိုကိုင်ဒိုကျွန်းအရှေ့ဘက်ရှိ မီယာကန်တောင်ပေါ်တွင် ရေပူစမ်းအပန်းဖြေစခန်းတစ်ခု ဖွင့်လှစ်ခဲ့ပြီး အသက်မွေးဝမ်းကျောင်းပြုခဲ့သည်မှာ နှစ်ပေါင်းများစွာ တိုင်ခဲ့ပြီဖြစ်သည်။

၂၀၁၈ ခုနှစ်တွင် ကျရောက်သော နိုနာကာ၏ အသက် ၁၁၃ နှစ် မွေးနေ့ပွဲတွင် မိသားစုဝင်များနှင့်အတူ ပျော်ရွှင်စွာ မွေးနေ့ကိတ်ကို စားခဲ့ကြောင်းနှင့် ဂျပန်ဆူမိုနပမ်းသတ်ပွဲများကို တီဗွီတွင် ကြည့်ရသည်ကို လွန်စွာနှစ်ခြိုက်သူဖြစ်ကြောင်း မိသားစုဝင်များက ဆိုသည်။

နိုနာကာသည် မိသားစုအတွက် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သောကြောင့် ၎င်းတို့အနေဖြင့် ဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းခွင့်ရရှိခဲ့သည့်အတွက် အဘိုးဖြစ်သူ နိုနာကာအား ကျေးဇူးအထူးတင်ရှိပါကြောင်း မြေးဖြစ်သူ ယုကိုက ဆိုသည်။

ထို့ပြင် အဘိုးနိုနာကာအား လွန်စွာ လွမ်းဆွတ်မိပါကြောင်းနှင့် အဘိုး၏နောက်ဆုံးအချိန်များကို မိသားစုနှင့်အတူတကွ နေထိုင်ခဲ့ရပြီး ဂုဏ်ရှိစွာ သေဆုံးခဲ့ရခြင်းအတွက် ဝမ်းသာမိပါသည်ဟု မြေးဖြစ်သူ ယုကိုက ပြောကြားခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ကွန်ဂိုသမ္မတအဖြစ် အတိုက်အခံပါတီခေါင်းဆောင် ဖိလက်စ် ရှီဆီကေဒီ အား ရွေးကောက်တင်မြှောက်

**ကင်ရှားဆား ဇန်နဝါရီ ၂၀**

ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ သမ္မတရွေးကောက်ပွဲတွင် အတိုက်အခံပါတီခေါင်းဆောင် ဖိလက်စ် ရှီဆီကေဒီ အနိုင်ရရှိခဲ့သည့်အတွက် သူ့အား ကွန်ဂိုသမ္မတအဖြစ် ရွေးချယ်တင်မြှောက်မည်ဖြစ်ကြောင်း၊ တရားရုံးချုပ်က ဇန်နဝါရီ ၂၀ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲတွင် ကွန်ဂိုနိုင်ငံ၏အကြီးဆုံး အတိုက်အခံပါတီခေါင်းဆောင် ဖိလက်စ် ရှီဆီကေဒီ အနိုင်ရရှိခဲ့သည်ဟု အခြေခံဥပဒေဆိုင်ရာ တရားရုံးချုပ်က ကြေညာခဲ့သည်။ ထို့ကြောင့် ရွေးကောက်ခံသမ္မတလောင်း ဖိလက်စ် ရှီဆီကေဒီသည် ကွန်ဂိုနိုင်ငံ၏အာဏာသက်တမ်းအရှည်ဆုံး သမ္မတ ဂျိုးဇက် ကာဘီလာထံမှ သမ္မတရာထူးအာဏာကို လွှဲပြောင်းယူကာ တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

ဇန်နဝါရီ ၁၀ ရက်တွင် ရွေးကောက်ပွဲကော်မရှင်က အတိုက်အခံပါတီခေါင်းဆောင် ဖိလက်စ် ရှီဆီကေဒီ သည် ဆန္ဒမဲ ၃၈ ဒသမ ၅၇ ရာခိုင်နှုန်းရရှိခဲ့ပြီး ဆန္ဒမဲ ၃၄ ဒသမ ၈ ရာခိုင်နှုန်းသာ ရရှိခဲ့သည့် မာတင် ဖာယုလုအား အနိုင်ရရှိခဲ့ကြောင်း ကြေညာခဲ့သည်။

အဆိုပါကြေညာချက်ထွက်ပေါ်ခဲ့ပြီးနောက် အတိုက်အခံပါတီခေါင်းဆောင် ဖိလက်စ် ရှီဆီကေဒီ အနိုင်ရရှိခဲ့ခြင်းအပေါ် မာတင် ဖာယုလုက ကျေနပ်မှုမရှိဘဲ ရွေးကောက်ပွဲရလဒ်ကို ပြန်လည်ဖျက်သိမ်းပေးပါရန် တရားရုံးချုပ်သို့ လျှောက်ထားခဲ့ပြီး နိုင်ငံတကာသို့လည်း အကူအညီတောင်းခံခဲ့ကြောင်း သိရသည်။

သို့သော် တရားရုံးချုပ်က ရွေးကောက်ပွဲ၏ ရလဒ်ထွက်ပေါ်မှုသည် လွန်စွာရိုးရှင်းပါကြောင်းနှင့် ရွေးကောက်ပွဲတွင် ရှီဆီကေဒီ အနိုင်ရရှိသည့်အတွက် ကွန်ဂိုသမ္မတအဖြစ် ရွေးကောက်တင်မြှောက်မည်ဟု ဇန်နဝါရီ ၂၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ရွေးကောက်ခံသမ္မတ ရှီဆီကေဒီသည် ဇန်နဝါရီ ၂၂ ရက်တွင် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုမည်ဖြစ်ကြောင်း ကွန်ဂိုရွေးကောက်ပွဲကော်မရှင်က ဆိုသည်။

**အေအက်ဖ်ပီ**



ကွန်ဂိုရွေးကောက်ခံ သမ္မတသစ် ဖိလက်စ် ရှီဆီကေဒီ

# ချီလီနိုင်ငံတွင် ပြင်းအား ၆ ဒသမ ၇ အဆင့်ရှိ ငလျင်လှုပ်ခတ်

**ဆန်တီယေဂို ဇန်နဝါရီ ၂၀**

ချီလီနိုင်ငံတွင် ပြင်းအား ၆ ဒသမ ၇ အဆင့်ရှိ ငလျင်တစ်ခု ဇန်နဝါရီ ၁၉ ရက်က လှုပ်ခတ်ခဲ့ကြောင်း အမေရိကန် ဘူမိဗေဒ ဆိုင်ရာ ဆန်းစစ်လေ့လာရေးအဖွဲ့က ယနေ့ပြောကြားခဲ့သည်ဟု အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါငလျင်လှုပ်ခတ်မှုကြောင့် လူနှစ်ဦး နှလုံးရောဂါဖြင့် သေဆုံးခဲ့ကြောင်း ရဲအရာရှိများက ဆိုသည်။ ငလျင်ဗဟိုချက်သည် ကိုကွမ်ဘိုမြို့အနောက်တောင်ဘက် ၁၅ ကီလို မီတာခန့်သို့ ဦးတည်လှုပ်ခဲ့ခြင်း ဖြစ်သည်။ ကိုကွမ်ဘိုမြို့မှ အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးတို့သည် ငလျင်လှုပ်ခတ်ခဲ့ခြင်းကြောင့် နှလုံးဖောက်ကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါငလျင်ကြောင့် အဝေးပြေးလမ်းမကြီးတစ်လျှောက်တွင် မြေများပြိုကျပြီး လျှပ်စစ်မီးများ ပြတ်တောက်သွားခဲ့ကြောင်း ရဲအရာရှိများက ဆိုသည်။

ထို့ပြင် ငလျင်လှုပ်ခတ်ပြီးနောက် ဆူနာမီသတိပေးချက် ထုတ်ပြန်ကြေညာခြင်းမရှိခဲ့သော်လည်း ကိုကွမ်ဘိုနှင့် ဆီရီနာမြို့များရှိ ပြည်သူများအား ကုန်းမြေမြင့်များဆီသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း လုံခြုံရေးအရာရှိများက ဆိုသည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ကိုကွမ်ဘိုမြို့၌ ပြင်းအား ၈ ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ပြီးနောက် ဆူနာမီရေလှိုင်းများ မြင့်တက်ခဲ့မှုကြောင့် လူပေါင်းများစွာ သေဆုံးခဲ့ရသည်။

**အေအက်ဖ်ပီ**

# ရက်ရှ်ဖို့ဒ်မှာ ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးကစားသမားဖြစ်လာနိုင်ဟု မန်ယူအသင်းရဲ့ ယာယီနည်းပြ ဆိုးရှားပြောကြား

စပါးအသင်းရဲ့ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ လက်ရှိမှာ ဒဏ်ရာပြဿနာကြုံတွေ့နေရတာကြောင့် မန်ယူအသင်းတိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာ အခုနှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ်ရဲ့ အကောင်းဆုံး ကစားသမားတစ်ဦးဖြစ်လာနိုင်တယ်လို့ မန်ယူအသင်းရဲ့ ယာယီနည်းပြ ဆိုးရှားက ပြောလာပါတယ်။

မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ် ၁၅၀ အထိ ပါဝင်ကစား ပေးထားပြီးဖြစ်တဲ့ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာ ဘရိုက်တန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်အပါအဝင် ပရီမီယာလိဂ်ပွဲစဉ် လေးပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

ဘရိုက်တန်အသင်းကို အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာ ရက်ရှ်ဖို့ဒ်သွင်းယူခဲ့တဲ့ သွင်းဂိုးဟာ နည်းပြဆိုးရှားလက်ထက် ပရီမီယာလိဂ်ပွဲစဉ် ခြောက်ပွဲမှာ ငါးဂိုးမြောက်သွင်းယူခဲ့တဲ့ သွင်းဂိုးလည်းဖြစ်ပါတယ်။ နည်းပြဆိုးရှားအနေနဲ့ကြည့်မယ်ဆိုရင်တော့ ဒီဇင်ဘာလအတွင်းက မန်ယူအသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခံခဲ့ရတဲ့ နည်းပြမော်ရင်ဟို ရဲ့နေရာမှာ အစားထိုးနည်းပြအဖြစ်နဲ့ ဝင်ရောက်လာခဲ့ပြီးတဲ့အချိန်က စလို့ မန်ယူအသင်းနဲ့အတူ ခုနစ်ပွဲဆက်နိုင်ပွဲရရှိခဲ့တဲ့ မှတ်တမ်းတစ်ရပ် ကိုလည်း ပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။

ဟယ်ရီကိန်းကတော့ အင်္ဂလန်အသင်းရဲ့ အသင်းခေါင်းဆောင် ဖြစ်တဲ့အပြင် စပါးအသင်းမှာလည်းခြေစွမ်းပြပြီး ဂိုးတွေသွင်းယူနိုင်ခဲ့ ပါတယ်။ ဒါပေမယ့် ဒဏ်ရာပြဿနာကြောင့် မတ်လအထိ အနားယူ ရမှာဖြစ်လို့ ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးကစားသမားဟာ ရက်ရှ်ဖို့ဒ် ဖြစ်လာနိုင်တယ်လို့ မန်ယူအသင်းနည်းပြ ဆိုးရှားက ဆိုခဲ့တာပါ။




# ပီအက်စ်ဂျီတိုက်စစ်မှူး အမ်ဘတ်ပီ အနာဂတ်တွင် ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့မည်

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီ အသင်းရဲ့ တိုက်စစ်မှူး အမ်ဘတ်ပီဟာ အနာဂတ်ကာလမှာ စပိန်လာလီဂါကလပ် ရီးယဲလ် မက်ဒရစ်အသင်းဆီကို ပြောင်းရွှေ့ကစားမယ် လို့ ဝန်ခံပြောကြားလိုက်ပါတယ်။

တိုက်စစ်မှူး အမ်ဘတ်ပီဟာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ အသက် ၁၇ နှစ်အရွယ် နဲ့ မိုနာကိုအသင်းမှာ ပါဝင်ပွဲထွက်ကစားခွင့် ရရှိခဲ့တာဖြစ်ပြီး လက်ရှိမှာ အောင်မြင်မှုရရှိ နေတဲ့အပြင် အနာဂတ်ကာလမှာလည်း ဥရောပချန်ပီယံ ၁၃ ကြိမ်အထိဖြစ်ထားတဲ့ ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့ဖို့စီစဉ် နေတာဖြစ်ပါတယ်။

တိုက်စစ်မှူး အမ်ဘတ်ပီအနေနဲ့ ၂၀၁၇ ခုနှစ်မှာ မိုနာကိုအသင်းကနေ ပီအက်စ်ဂျီ အသင်းကို ပြောင်းရွှေ့ကြေးပေါင် ၁၆၆ သန်း နဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ၂၀၁၈ ခုနှစ်ကမ္ဘာ့ ဖလားပြိုင်ပွဲမှာလည်း ပြင်သစ်လက်ရွေးစင် အသင်းနဲ့အတူ ပွဲတိုင်းပါဝင်ပွဲထွက်ကစားခွင့် ရရှိခဲ့တာလည်းဖြစ်ပါတယ်။ ပီအက်စ်ဂျီ အသင်းကတော့ တိုက်စစ်မှူး အမ်ဘတ်ပီကို ၂၀၂၂ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားတာဖြစ် ပါတယ်။

အမ်ဘတ်ပီအနေနဲ့ ပီအက်စ်ဂျီက ဂူအမ်ဂမ့်ကို ကိုးဂိုးပြတ်နဲ့အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်မှာဆိုရင် ပီအက်စ်ဂျီအတွက် ဟက်ထရစ် သွင်းယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းကတော့ ဂူအင်ဂမ့် အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေး ဇယားရဲ့ဒုတိယနေရာက လိုင်လီအသင်းကို ၁၃ မှတ်ထိဖြတ်ထားနိုင်ခဲ့ကာ အမှတ်ပေး ဇယားထိပ်မှာ ဦးဆောင်ထားနိုင်ခဲ့ပါတယ်။

တိုက်စစ်မှူး အမ်ဘတ်ပီဟာ မိုနာကိုနဲ့ အတူ ၄၁ ပွဲမှာ ၁၆ ဂိုးသွင်းယူထားခဲ့ပြီး ပီအက်စ်ဂျီကို ရောက်ရှိလာချိန်မှာတော့ အခု နှစ်မှာ ၁၄ ပွဲမှာ ၁၇ ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။

ငွေကြယ် - ရေးသားသည်




# တိုက်စစ်မှူး ကော်တင်ဟိုအား ပေါင်သန်း ၁၀၀ ဖြင့် ချယ်လ်ဆီး ခေါ်ယူမည်

ချယ်လ်ဆီးအသင်းဟာ ဘာစီလိုနာတိုက်စစ်မှူး ကော်တင်ဟိုအား ပြောင်းရွှေ့ကြေးပေါင်သန်း ၁၀၀ နဲ့ ခေါ်ယူမယ်လို့ ဆိုပါတယ်။ ဘာစီလိုနာအသင်းကတော့ ပြီးခဲ့တဲ့ဇန်နဝါရီအပြောင်းအရွှေ့ကာလ အတွင်းမှာ ကော်တင်ဟိုကို ခေါ်ယူခဲ့တာဖြစ်ပြီး ကော်တင်ဟိုဟာ ဘာစီလိုနာအသင်းနဲ့အတူ စပိန်လာလီဂါဖလားနဲ့ စပိန်ကိုပါဒယ်ရေး ဖလားတို့ကို ရယူထားခဲ့ပြီးဖြစ်ပါတယ်။

ဘာစီလိုနာအသင်းအနေနဲ့ ပီအက်စ်ဂျီတိုက်စစ်မှူးနေမာကို ပြန်လည်ခေါ်ယူဖို့ စိတ်ဆန္ဒပြင်းပြနေတာကြောင့် ဘဏ္ဍာငွေလိုအပ် ချက်ကို ဖြည့်ဆည်းဖို့ ကော်တင်ဟိုကို ရောင်းချဖို့စီစဉ်နေတာဖြစ်ပါ တယ်။ ကော်တင်ဟိုဟာ လီဗာပူးအသင်းကနေ ဘာစီလိုနာအသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်တာကြောင့် ချယ်လ်ဆီးအသင်းက ပေါင်သန်း ၁၀၀ နဲ့ ခေါ်ယူခဲ့မယ်ဆိုရင် ကော်တင်ဟိုအနေနဲ့ ပရီမီယာလိဂ်ကို ပြန်လည်ရောက်ရှိလာမှာဖြစ်ပါတယ်။

ချယ်လ်ဆီးတိုက်စစ်မှူး ဟာဇက်ကို ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူဖို့ဆန္ဒရှိနေတာကြောင့် ချယ်လ်ဆီးအသင်းက တိုက်စစ်ပိုင်းကို အားဖြည့်ရန် ကော်တင်ဟိုကို ခေါ်ယူဖို့ ပြင်ဆင်လာတာဖြစ်ပြီး ရီးယဲလ် မက်ဒရစ်က ဟာဇက်အား ပေါင် ၈၈ သန်းနဲ့ ကမ်းလှမ်းထားတယ်လို့ သိရပါတယ်။



## ဂက်စ်အိုးပေါက်ကွဲ၍ ဒဏ်ရာရရှိ

**မြစ်ကြီးနား ဇန်နဝါရီ ၂၀**

မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက် ရန်အောင်မြင်လမ်းနေ ဒေါ်နန်းနွယ်သည် ယနေ့နံနက် ၆ နာရီတွင် မြစ်ကြီးနားတက္ကသိုလ်အတွင်း မိုးပျံပူဖောင်း ပြုလုပ်နေစဉ် ဂက်စ်အိုးပေါက်ကွဲပြီး မျက်နှာ၊ ရင်ဘတ်နှင့် လက်တို့တွင် ဒဏ်ရာရရှိခဲ့သဖြင့် မြစ်ကြီးနားပြည်သူ့ဆေးရုံသို့ တင်ပို့ကုသလျက်ရှိသည်။

လူနာအား ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူများက ဆေးရုံသို့သွားရောက် ကြည့်ရှုအားပေး၍ လိုအပ်သည်များ ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## အင်းစိန်မြို့နယ်တွင် ငွေကျပ် ၂၂၂၅ ဒသမ ၄ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

မူးယစ်တပ်ဖွဲ့စု ၄၁ ရန်ကုန်(အရှေ့ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၈ ရက်က အင်းစိန်မြို့နယ် ဈေးကုန်း(အရှေ့) ရပ်ကွက် သီရိလမ်း ရုပ်ရှင်ရုံရှေ့လမ်းတွင် မခိုင်ဆန်းနှင့် ဒေါ်မြအေးယဉ်တို့ကို စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရှိသဖြင့် အရေးယူထားရှိပြီး ကွင်းဆက်အရ ဇန်နဝါရီ ၁၉ ရက် ညနေ ၅ နာရီခွဲတွင် ၎င်းတို့ငှားရမ်းနေထိုင်သည့် အင်းစိန်မြို့နယ် မုဒိတာအိမ်ရာ(၂) အခန်းအမှတ် ၈၇၄ ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၄၁၈၀ (ကာလတန်ဖိုး ငွေကျပ် ၂၂၂၅ ဒသမ ၄ သိန်း)နှင့် ငွေကျပ် ၂၅၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇန်နဝါရီ ၁၉ ရက် ညနေ ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၂၂ မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်း-မန့်ဝိန်းကြီးကားလမ်း ရွှေလီကြိုးတံတားအနီးတွင် ဒေါ်ခေါန်ဖန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၉၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဆီဆိုင်၊ ဟိုပုံးနှင့် ပင်လောင်းမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး



**နေပြည်တော် ဇန်နဝါရီ ၂၀**

ဆီဆိုင်မြို့နယ် ပန်အွန်းကျေးရွာ အရှေ့တောင်ဘက် နှစ်မိုင်ခွဲခန့်အကွာ၌ အမြင့်နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၈ ဧကအား ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသီဟန် ဦးစီးပူးပေါင်းအဖွဲ့က ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီတွင် ဖျက်ဆီးခဲ့သည်။ ထို့အတူ ဟိုပုံးမြို့နယ် ဒုလီတန်ကျေးရွာ၌ အမြင့်တစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၇ ဧက၊ ပင်လောင်းမြို့နယ် တပ်အုံကျေးရွာ၌ အမြင့်နှစ်ပေခွဲခန့်ရှိ ဘိန်းစိုက်ခင်း ၃ ဒသမ ၅ ဧကကိုလည်း ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



မတင်ဇာခိုင်(ခ)မခက်ခက်ခိုင်၊ ဆွယ်ဟိန်း၊ ဝေလျှံအောင်(ခ)အမောင်လေးတို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## မိုးမိတ်နှင့် မဘိမ်းမြို့နယ်တို့တွင် ငွေကျပ် ၄၆၂၄၂ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၉ ရက် ညနေ ၄ နာရီခွဲက မိုးမိတ်မြို့နယ် မိုးမိတ်-မဘိမ်းကားလမ်း မိုင်တိုင်အမှတ်(၄/၃)အနီးတွင် ဆွယ်ဟိန်း မောင်းနှင်လာသည့်ယာဉ်ကို ရှာဖွေရာ ယာဉ်၏ကြမ်းခင်းနှင့် ဘေးပေါင်အံ့ဝှက်များအတွင်းမှ ငွေကျပ် ၄၆၂၄၂ သိန်းဖိုးရှိ ဆပ်ပြာခွက် ၂၂၁ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၂ ဒသမ ၂၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၂ ဒသမ ၉ သိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ ကွင်းဆက်အရ ည ၁၀ နာရီတွင် မဘိမ်းမြို့နယ် ဘဟဲကျေးရွာအုပ်စု ပွေးတူးကျေးရွာအနီးရှိ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း မြစ်ကူးတံတား၌ ဝေလျှံအောင်(ခ)အမောင်လေးနှင့် မတင်ဇာခိုင်(ခ)မခက်ခက်ခိုင်တို့ကို MITSUBISHI PAJERO အမျိုးအစား မော်တော်ယာဉ်တစ်စီး၊ လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် ငမြောင်တောင်ပိုး (FAW) ကာကွယ်နှိမ်နင်းမှုကြည့်ရှု



**ဟသ်ာတ ဇန်နဝါရီ ၂၀**
ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ရွှေကူကျွန်းကျေးရွာ ပြောင်းစိုက်ခင်းများတွင် ကောင်းကင်ဆေးဖျန်းကိရိယာဖြင့် ငမြောင်တောင်ပိုး (FAW) စုပေါင်း ကာကွယ်နှိမ်နင်းမှုကို ဇန်နဝါရီ ၁၈ ရက် မွန်းလွဲပိုင်းက ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးတင်အောင်ဝင်းတို့ ကွင်းဆင်းကြည့်ရှုခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဟသ်ာတခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေး ဝန်ထမ်းများက ကောင်းကင်ဆေးဖျန်းကိရိယာ အသုံးပြု၍ ပက်ဖျန်းနှိမ်နင်းပြသမှုတို့အား ကြည့်ရှုခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ရွှေကူကျွန်းကျေးရွာနှင့် ဇလွန်မြို့နယ်အတွင်း ငမြောင်တောင်ပိုး (FAW) ကျရောက်နေသည့် ပြောင်းစိုက်ခင်းများတွင် ကောင်းကင်ဆေးဖျန်းကိရိယာ လေးခုကို အသုံးပြု၍ ပက်ဖျန်းသွားမည်ဖြစ်ပြီး အဆိုပါ ဆေးဖျန်းကိရိယာမှာ ဧက ၆၀ မှ ၁၀၀ ဝန်းကျင်ကို ရှစ်နာရီအတွင်း ပက်ဖျန်းနိုင်ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် တာချီလိတ်ကုန်သွယ်ရေးစခန်း သွားရောက်ကြည့်ရှုစစ်ဆေး

**တာချီလိတ် ဇန်နဝါရီ ၂၀**
ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများသည် တာချီလိတ် ကုန်သွယ်ရေးစခန်း မယ်ယန်းသို့ ဇန်နဝါရီ ၁၉ရက်မွန်းလွဲ ၂ နာရီခွဲက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများ ယုံကြည်အားထားသော ဌာနနှင့်ဝန်ထမ်းများ ဖြစ်လာစေရန် ပြည်သူများအတွက် လိုအပ်ချက်များကို စေတနာမေတ္တာထား၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ခေတ်နှင့် လျော်ညီမှုမရှိတော့သည့် ခေတ်ဟောင်း၊ စနစ်ဟောင်းများမှ လုပ်နည်းလုပ်ဟန်များကို ပယ်ဖျက်သင့်ပါက ပယ်ဖျက်မည်ဖြစ်ကြောင်း၊ စနစ်ဟောင်းမှ အကျင့်ဟောင်းများကို ပြုပြင်သွားကြကာ ပြည်သူများက ယုံကြည်အားထားရသော ဝန်ထမ်းကောင်းများအဖြစ် ကြိုးစားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

တာချီလိတ်ကုန်သွယ်ရေးစခန်းကို ၁၉၉၆ ခုနှစ် ဇွန် ၁ ရက်တွင်လည်းကောင်း၊ ဝမ်ပုံဆိပ်ကမ်းကို ၁၉၉၆ ခုနှစ် ဩဂုတ် ၁ ရက်တွင်လည်းကောင်း ကျိုင်းလပ်တွင် ၂၀၁၅ ခုနှစ် မတ် ၁၅ ရက်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ကြောင်း၊ တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ၂၀၁၈ ခုနှစ် (Mini Budget) OSS ဌာနများအလိုက် အခွန်အရပ်ရပ် ကောက်ခံရရှိမှုစာရင်းမှာ ကျပ်ငွေသန်းပေါင်း ၆၇၈၀ ဒသမ ၆၈၆ သန်းဖြစ်ကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဒီဇင်ဘာလထိ) OSS ဌာနများအလိုက် အခွန်အရပ်ရပ် ကောက်ခံရရှိမှုစာရင်းမှာ ကျပ်ငွေသန်းပေါင်း ၂၈၆၃ ဒသမ ၈၁၇ သန်းဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း စတုတ္ထအကြိမ် စုံညီတွေ့ဆုံပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၀**
မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများ အသင်း၏ စတုတ္ထအကြိမ်မြောက် အသင်းဝင်များ စုံညီတွေ့ဆုံပွဲကို ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက ကျင်းပသည်။

မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်းဥက္ကဌ ဦးနန္ဒကျော်စွာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က "အားကစားအောင်မြင်မှု အရင်းအမြစ်ဟာ ဒီအသင်းကြီးရဲ့ လက်ထဲမှာရှိတယ်လို့ ကျွန်မအနေနဲ့ တင်စားပြောကြားလိုပါတယ်။ ဒါကြောင့် အသင်းကြီးအနေနဲ့ လတ်တလော ကျွန်မတို့ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ National Health Seminar ရဲ့ Outcome ဖြစ်တဲ့ Exercise is Medicine (EIM) လှုပ်ရှားမှုတွေမှာ တတ်နိုင်သမျှပါဝင်ဆောင်ရွက်ဖို့နဲ့ မြန်မာ့အားကစား တိုးတက်ရေးလမ်းကြောင်းမှန်ကို ရောက်ရှိဖို့ ဘက်စုံထောင့်စုံကနေ လက်ရှိကာလထက် အရှိန်အဟုန်မြှင့် ကူညီဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်" ဟု ပြောကြားသည်။

ထို့နောက် မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်းသို့ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**ကိုထက်**



Times City

Times City ၏

Jewellery Mall နှင့် Times Mall ရှိရုံးခန်း၊ ဆိုင်ခန်းများ ငှါးရမ်းမိတ်ဆက်ပွဲအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၁၂) ရက် နှင့် (၁၃) ရက် တို့တွင် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

ထပ်မံ၍ ငှါးရမ်းလိုသော မိတ်ဆွေများအတွက် နေ့စဉ် နံနက် ၉း၀၀ နာရီ မှ ညနေ ၅း၀၀ နာရီအထိ Information Centre အား ဖွင့်လှစ်ထားရှိသွားမည်ဖြစ်ပြီး မိတ်ဆွေများအနေဖြင့် သိရှိလိုသည့်အချက်များ၊ ငှါးရမ်းလိုသည့် ရုံးခန်း၊ဆိုင်ခန်းများအား ဆက်လက်ကြည့်ရှု စုံစမ်းမေးမြန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Soft opening on 01 May 2019

ဆက်သွယ်ရမည့်လိပ်စာ - Times City ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့ ။
ဖုန်းနံပါတ်များ -09-765800800 , 09-764800800 , 09-5045777
Website - http://www.timescity.com.mm
Facebook - Times City Yangon - Myanmar
Email - timescityproject@gmail.com

ကြေးမုံ
ဇန်နဝါရီ ၂၁၊ ၂၀၁၉

တိုတိုထွာထွာဖတ်စရာ

## ကျောက်စိမ်းဘုရားအတွက် ကျောက်စိမ်းဖြတ်စများလှူဒါန်း

**မိုးညှင်း**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ရွာလွယ်ခမ်းတောင် လွမ်းစေတီမဏိရတနာကျောက်စိမ်းဘုရား တည်ထားကိုးကွယ်နိုင်ရန်အတွက် အလှူရှင်များက ကျောက်စိမ်းဖြတ်စများကို လှူဒါန်းလျက်ရှိကြောင်းသိရသည်။

အဆိုပါ ကျောက်စိမ်းဘုရား တည်ထားကိုးကွယ်နိုင်ရန် မန္တလေးမြို့နေ ဦးအောင်မြင့်-ဒေါ်လီလီဝင်း မိသားစု (အောင်ကျော်သူကုမ္ပဏီ) တို့က ကျောက်စိမ်းဖြတ်စ နှစ်တန်ခွဲလှူဒါန်းခဲ့ကြောင်း စေတီဖြစ်မြောက်ရေး အကျိုးတော်ဆောင်နာယက ဦးဖေတင်က ပြောကြားသည်။

ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊ ဂေါပကဥက္ကဋ္ဌ ဦးအောင်ထွန်း ဖုန်း ၀၉၇၈၀၇၃၄၇၈၂၊ ဦးတင့်ဇော် ဘဏ္ဍာရေးမှူး (၁) ဖုန်း ၀၉-၇၇၆၆၂၆၇၅၂၊ ဦးထွန်းလှအောင် ဘဏ္ဍာရေးမှူး (၂) ဖုန်း ၀၉-၇၇၆၉၀၅၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ဆိုင်ကလုန်း**

## ပြည်ထောင်စုနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ ကျင်းပ

**လယ်ဝေး**
နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့တွင် ဒုတိယအကြိမ်အဖြစ် ၂၀၁၉ ခုနှစ် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက လယ်ဝေးမြို့ရှိ လေ့ကျင့်ရေးစင်တာ(၂) ဘောလုံးအားကစားကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင်(လယ်ဝေးမြို့နယ်တာဝန်ခံ) ဦးအေးမောင်စိန်နှင့် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။ ထို့နောက် မြို့နယ်ဌာနဆိုင်ရာများ ဘောလုံးအသင်းနှင့် မြို့နယ်လက်ရွေးစင်ဟောင်းများအသင်းတို့ ချစ်ကြည်ရေးခြေစမ်းကစားခဲ့ပြီး လယ်ဝေးမြို့ ရိုးရာခြင်းလုံးအဖွဲ့က အလှပြဖျော်ဖြေခဲ့ကြသည်။

ဆက်လက်၍ အဖွင့်ပွဲစဉ်အဖြစ် သာဝတ္ထိအသင်းနှင့် သဲကောအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အဆိုပါပြိုင်ပွဲကို ဇန်နဝါရီ ၂၀ ရက်မှ မတ် ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အသင်းပေါင်း ၂၀ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**ဘိုဘိုမင်း**

# မြောင်းမြတံတားသစ် ပြီးစီးတော့မည်ဖြစ်၍ ယာဉ်များဖြတ်သန်းသွားလာနိုင်တော့မည်

**မြောင်းမြ ဇန်နဝါရီ ၂၀**
ဧရာဝတီတိုင်းဒေသကြီးတွင် တည်ဆောက်နေသည့် မြောင်းမြတံတားအသစ် တည်ဆောက်မှုလုပ်ငန်းသည် ၈၃ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ ဧပြီလဆန်းပိုင်းမှ စတင်၍ ယာဉ်များဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။


မြောင်းမြတံတားအသစ် တည်ဆောက်ပြီးစီးမှုအခြေအနေအား တွေ့ရစဉ်။ ဓာတ်ပုံ - စိုးမြင့်အောင်

မြောင်းမြတံတားအသစ်မှာ လပွတ္တာ-မြောင်းမြ-အိမ်မဲ-ကျောင်းကုန်း-ကျုံပျော်လမ်းပေါ်၌ တည်ရှိကာ ပင်မတံတားအပိုင်းအား Steel Truss Deck Type အမျိုးအစားဖြင့် တည်ဆောက်ထားပြီးချဉ်းကပ်တံတားနှစ်ခုအား P.C Composite Girder ဖြင့် တည်ဆောက်ထားကြောင်း သိရသည်။ တံတား၏အောက်ထည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကြောင်းလည်း သိရသည်။ တံတား၏အရှည်မှာ ၈၃၀ မီတာရှိပြီး တံတားအကျယ်မှာ ၃၄ ပေရှိကာ မြောင်းမြဘက်ကမ်းအခြမ်းရှိ ချဉ်းကပ်တံတားနှင့် ပုသိမ်ဘက်ကမ်းအခြမ်းရှိ ချဉ်းကပ်တံတားအရှည်ကို ၂၇၀ မီတာအရှည်စီ တည်ဆောက်ထားကြောင်း သိရသည်။

ယာဉ်သွားလမ်းအကျယ် ၂၈ ပေရှိသည့် နှစ်လမ်းသွားဖြစ်ကာ ရေလမ်းကင်းလွတ်ခွင့်အမြင့်မှာ ရေအမြင့်ဆုံးနေရာ၌ ၁၄ မီတာရှိကြောင်း သိရသည်။ ရေလမ်းကင်းလွတ်ခွင့်အကျယ်မှာ ၁၃၀ မီတာရှိပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ရှိကာ တစ်ဖက်လျှင် ၃ ပေ အကျယ်အဝန်းရှိ လူသွားလမ်းပလက်ဖောင်း အသွား၊ အပြန်ပါရှိကြောင်း တံတားကြီးအား တာဝန်ယူတည်ဆောက်ခဲ့သည့် တည်ဆောက်ရေးအဖွဲ့(၁)မှ သိရသည်။

ယခင်က မြောင်းမြကြိုးတံတားအဟောင်းမှာ ခံနိုင်ရည်ကျဆင်းလာသဖြင့် တံတားအသစ်ကို မူလကြိုးတံတားအဟောင်း၏ ရေစုန်ဘက်အခြမ်းတွင် ၄၆ ပေခွာ၍ ၂၀၁၇ ခုနှစ်မေ ၁ ရက်တွင် စတင်တည်ဆောက်နေခြင်းဖြစ်ကာ တည်ဆောက်နေခိုက် ၂၀၁၈ ခုနှစ်ဧပြီ ၁ ရက်တွင် မတော်တဆကျိုးကျပျက်စီးခဲ့ရခြင်းလည်းဖြစ်သည်။ ထိုအချိန်မှစတင်၍ ပြည်သူလူထုသွားလာမှု လွယ်ကူအဆင်ပြေစေရန်အတွက် နိုင်ငံတော်အစိုးရကအကုန်ကျခံကာ ယနေ့အချိန်ထိ ဇက်ဖြင့် အခမဲ့ပို့ဆောင်ပေးလျက်ရှိပြီး ယခုအခါ မြောင်းမြတံတားအသစ်ကို အမြန်ပြီးစီးရန်လိုအပ်သောကြောင့် လုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"တံတားခံနိုင်ဝန်က ယာဉ်တစ်စီးချင်းကို ၇၅ တန်အသုံးပြုခွင့် သတ်မှတ်ထားပေမယ့် ဒေသဖွံ့ဖြိုးရေးအတွက် မဖြစ်မနေသယ်ဆောင်ရမယ့် အရေးကြီးပစ္စည်းများကိုတော့ သယ်ဆောင်ဖြတ်သန်းခွင့်ပေးပါ့မယ်။ ပြည်သူလူထုအတွက်လည်း (ယာဉ်+ကုန်) တန် ၆၀ ကိုသယ်ဆောင်ပြီးတော့ တံတားပေါ်ကနေ ဖြတ်သန်းသွားလာခွင့်ပြုပေးမှာ ဖြစ်ပါတယ်" ဟု တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁) မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမျိုးဝင်းက ပြောကြားသည်။

**ပွင့်သစ္စာ**



# တောင်လေးလုံးပီတိ

ဆူးငှက်

**အင်းအိုင်ဝိုက်လည်၊ မြို့ကြီးတည်ပြန်
၁၁၄၄ ခုနှစ်က၊ အမရပူရရွှေနိုင်ငံ ...
ရေချိုတွင်းနဲ့ ပျံ့နန်းလှန် ...
ရွှေဘိုမင်းဆက် မှန်နန်းစံ ...
မြတ်ဘိုးတော် သူစီမံ၊ အင်းကြီးတောင်သမန်...
တဲ့လေ ...။**

## တောင်တည့်တောင်သမန်

နန်းတော်ရှေ့ဆရာတင်က တောင်သမန်ကို ဖွဲ့ခဲ့သည်။ တကယ်တော့ တောင်သမန်က နန်းတော်ရှေ့ဆရာတင်မှသာမဟုတ်။ ရှေးရှေးကတည်းက စာဆိုများ မျက်စိကျစရာနေရာ ဖြစ်ခဲ့ပါ၏။ စာဆိုအနုပညာရှင်များက တောင်သမန်ကို ရင်သပ်ရှုမောခဲ့ကြသည်။ မြန်မာပြည်အပူပိုင်းဒေသတွင်းမှ လယ်ယာဥယျာဉ်၊ ချောင်းမြောင်း၊ အင်းအိုင်၊ သစ်ရိပ်ဝါးရိပ်၊ ကျေးငှက်သာရကာ၊ ရေပျော်ငါး . . .။ သာသနိကဆိုင်ရာဗိသုကာ၊ ထို့နောက် . . . ကျွန်းသစ်တံတားကြီး . . .။

ထို့ကြောင့် မင်းသားမောင်ကုတ်တေးက 'ဇမ္ဗူခွန်ယူ ဝှန်ဆူဖြန့်မိုး၊ အုန်းပင် အုန်းခြိမ့် စိုးပါလို့လေး၊ သာမျိုးသာမျိုး ခြံရံ၊ တောင်တည့် တောင်သမန်' ဟု ဖွဲ့ဆိုခဲ့သည်။ ဗျသီဆယ်ရွာစားဦးလွန်းပြေကမူ 'ကဆုန် နယုန်ချိန်ခါ၊ ပြည်ကြီးတောင်လကျာ၊ သောင်းယူဇနာကျယ်ဝင်း၊ တောင်သမန်တည့်အင်း' ဟု ဖွဲ့နွဲ့ခဲ့ပြန်၏။ ပြင်စည်မင်းသားကြီးကလည်း 'တောင်ဂန္ဓမာနန္ဒမူချာ၊ မဥ္ဇူမာလာ၊ သင်းပျံ့မွှေး၊ နတ်ကယ်ဖန် ကန်မင်းကဖွေး၊ ငါးမည်ရွှေကြာ၊ လေသာပျံ့သွေး . . .' ဟု သီကုံးခဲ့ပြန်သည်။ ကိုင်း . . . ထားပါတော့ . . .။ ပြင်စည် မင်းသားကြီးအစ . . .၊ နန်းတော်ရှေ့ဆရာတင်အလယ် . . . ကဗျာဆရာမောင်သင်းပန်အဆုံး . . . တောင်သမန်အင်းနှင့် တောင်သမန် ဝန်းကျင်ကစာသီဖွဲ့လို့ မဆုံးနိုင်တော့ . . . ။

## တောင်လေးလုံးကျောင်းတိုက်

တကယ်တော့ . . . သဘာဝပတ်ဝန်းကျင်အလှများကို စာဆိုအနုပညာသမားများက ဘဝနှင့်ထပ်ပြီး ချစ်ခင်မြတ်နိုးခဲ့ကြသည်။ သည်နေရာများနှင့် ထိတွေ့ဆက်စပ်ပြီး အနုပညာဉာဏ်တို့ ကွန့်မြူးရှင်သန်ခဲ့ကြ၏။ အခု . . . တောင်သမန် ဝန်းကျင်နေရာမှာ နွေအခါ . . . ယာတောကိုင်းတော . . . စမ်းရေ . . .၊ တောင်လေသွေးနှင့် တံတားဦးပိန်အပေါ်လမ်းလျှောက်ဖို့ . . .။ မိုးအခါ ကမ်းစပ်မည်စည်တန်းအခြေ၊ အင်းရေပုတ်ခတ်ပြီးရှစ်မျက်နှာရေပြင်ထက် . . . အုံ့မှိုင်းမိုးသား၊ စွေဖွဲ့မိုးစက်ကြား . . .၊ ဦးပိန်တံတားချစ်သူလက်နွေး . . . ကိုယ့်လက်နွေးစေဖို့ . . .။ ဆောင်းအခါ . . . ပိန်းပိတ်နှင်းထုထဲ . . .၊ လယ်တဲမီးခိုးငွေ့လူ . . .၊ တောင်သူယာအသွား . . .၊ နွားငေါက်သံ ခြူသံများ ယိမ်းနွဲ့တံတားအိုပေါ်က သဲ့သဲ့ကြားစေဖို့ . . .။

ဒါကတော့ သာမန်ခံစားတတ်သူတွေအတွက်သာပေါ့ . . .။ ဒါပေမယ့် မန္တလေးသားရသစာပေထိတွေ့ခံစားသူများကတော့ ထိုထိုတောင်သမန်အလှများထက် ဦးပိန်တံတားထိပ် တောင်သမန်အင်းစောင်းကတောင်လေးလုံးကျောင်းတိုက်၊ စာရေးဆရာကိုပညာ(အမရပူရ)၊ ဝက်သားဟင်းလေးချက် . . . တို့၏ အဝန်းအဝိုင်းကို ပိုမိုမက်မောကြသည်။

## အထက်ဗမာနိုင်ငံစာရေးဆရာအသင်း

ကျွန်တော်တို့စာပေနှင့် စတင်ထိတွေ့ကြစဉ်က ဘာရှိဦးမှာလဲ . . .။ ၁၉၇၀ ကျော်ဝန်းကျင်ကာလပေါ့. . .။ ၁၉၇၅ ဆိုပါမှ လူပျိုပေါက်အရွယ်သာသာ. . .။ ကျွန်တော်တို့မျိုးဆက်က 'လူထု' အရိပ်ကို မမီခဲ့။ 'ဟံသာဝတီ' စနေစာပေဝိုင်း၊ တနင်္ဂနွေနေ့ စာပေယဉ်ကျေးမှုအချပ်ပို . . . အရိပ်ခိုခဲ့ရသည်။ ၁၉၇၂ နိုင်ငံတကာစာအုပ်နှစ် အထိမ်းအမှတ် ဓမ္မဗိမာန်စာတမ်းဖတ်ပွဲနောက်ဆုံးထားပြီး . . . အထက်ဗမာနိုင်ငံစာရေးဆရာအသင်း၏ နတ်တော်လဆန်း ၁ ရက် စာဆိုတော်နေ့အခမ်းအနားများ၏ လက်ဆင့်ကမ်းအမွေဟုလည်းဆိုရမည်။ ထိုစဉ်ကာလ မန္တလေးစာပေအရပ်အဝန်းမှာက 'ဆင်ကြီး'များ ချည်းဖြစ်သည်။ လူထုဦးလှ၊ လူထုဒေါ်အမာ၊ ဒေါက်တာသန်းထွန်း၊ ပါမောက္ခချုပ် ဦးကျော်ရင်၊ ဦးဆန်းထွန်း (မန်းတက္ကသိုလ်)၊ ဦးချမ်းမြ (မြကေတု)၊ ကြည်မြ၊ ရွှေသွေး၊ ဒေါက်တာထွန်းရွှေ၊ မောင်သာနိုး၊ မောင်စွမ်းရည်၊ တင်မိုး၊ ကြည်အောင်၊ ကိုလေး(အင်းဝဂုဏ်ရည်)၊ သိန်းသန်းထွန်း၊ မောင်မိုးသူ၊ တက္ကသိုလ်မောင်စောလွင်၊ မောင်သစ်လွင်(လူထု)၊မောင်သိန်းနိုင်၊ တက္ကသိုလ်မောင်ထွန်းဝေ . . . စသည် စသည် . . .။ လူကြီးပိုင်းအနေနှင့်က ကျောက်စာဝန် ဦးမြ၊ စစ်ကိုင်းဦးဘိုးသင်း၊ ရွှေဥဒေါင်း၊ မြမျိုးလွင်၊ ရွှေကိုင်းသား . . . စသည် စသည် . . .။ ကိုင်း . . . နည်းတဲ့အင်အားလားလေ . . .။

## သတင်းစာဆရာကြီး အိုးဝေဦးညိုမြ

ထိုသို့သောပုဂ္ဂိုလ်ကျော်ကြီးများနှင့် ဆက်စပ်ပတ်သက်နေလေသော မန္တလေးစာပေအဝန်းအဝိုင်းအရိပ်အောက်ကြီးပြင်းရသည်ဟူသော ဒုလ္လဘတရားနှင့် ဂုဏ်ပုဒ်ကအလွန်ကြီးမားလှသည်။ ထို့ကြောင့် စာကလေး၊ ပေကလေးလက်လှမ်းမီသလောက် ဖတ်ရှုလေ့လာဖြစ်သောအခါ 'တရားမင်' လေသောကြောင့် 'ပုဂ္ဂိုလ်ခင်' ချင်လာမိသည်ကလည်း လူ့ဓမ္မတာဖြစ်ပါ၏။ ထို့ကြောင့် မန္တလေးစာပေအဝန်းအဝိုင်းအနား တိုးကပ်သထက် တိုးကပ် . . .၊ နားစွင့်မိလေသောအခါ ထိုစဉ် . . . (၁၉၇၅ ဝန်းကျင်) အခါသမယက 'ဦးဇင်းကိုပညာကျောင်း'၊ 'တောင်လေးလုံးကျောင်း' 'ဝက်သားဟင်းလေးချက်' ဆိုသည့် စကားသံတွေ ခပ်စိပ်စိပ်ကြားလာရ၏။ ထိုစဉ်က တောင်သမန်အင်းစောင်းကျောက်ခေတ်သစ်ယဉ်ကျေးမှုအသစ် တူးဖော်တွေ့ရှိမှုများအရ မန္တလေးတက္ကသိုလ် သမိုင်းပညာရှင်များအကြားလည်း ထိုစကားသံတွေ ကြားရသည်။ ထို့ပြင် ရှေးဟောင်းပေစာ ပုရပိုက်များနှင့် ပတ်သက်၍ ဆရာတော်ရွှေကိုင်းသားပြီးနောက် ထိတွေ့နှံ့စပ်နိုင်သည့် နေရာအဖြစ်လည်း တက္ကသိုလ်မြန်မာစာဌာန အဝန်းအဝိုင်းကြားမှာ . . . ထိုအသံတွေ ကြားရပြန်သည်။

ကျွန်တော်က ရှေးဟောင်းသုတေသနကို ဝါသနာထုံသည့်အပြင် မြန်မာမှု ပန်းချီပန်းပုများကိုလည်း မြတ်နိုးလေတော့ ဆရာဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)တို့၊ ကိုဝင်းမောင် (တမ္ပဝတီ)တို့နှင့် ပုဂ္ဂိုလ်ရေးခင်မင်မှုရယူချဉ်းကပ်လေသောအခါ . . . ထိုထိုဆရာများထံမှလည်း ဝက်သားဟင်းလေး၊ တောင်လေးလုံးကျောင်း၊ ကိုပညာ(အမရပူရ)ဟူသည့် စကားလုံးများကိုသာ အခါမလပ်ကြားသိလာရသည်။ နာမည်ကျော်စာရေးဆရာ သတင်းစာဆရာကြီး အိုးဝေဦးညိုမြကလည်း ဝါခေါင်လဆန်း တောင်ပြုန်းပွဲ အခါသမယကို အကြောင်းပြုပြီး အမရပူရတောင်သမန်အင်းစောင်း၊ တောင်လေးလုံးကျောင်းမှာ ရက်ရှည်လများ ကျောက်ချနေထိုင်သည့်သကာလ မန္တလေးစာပေအဝန်းအဝိုင်းနှင့် တောင်လေးလုံးကျောင်းတိုက်ကြား လွန်းထိုးထိစပ်မှုတွေ များပြားနေသည့်သဘောလည်းဖြစ်ပါ၏။

## ဦးပိန်တံတားတစ်လျှောက် လမ်းလျှောက်ကာ

ဒီတော့ စာရူးပေရူး ကျွန်တော့်အဖို့ တောင်သမန်တောင်လေးလုံးကျောင်းသို့ ခြေချချင်လာ၏။ ဆရာတော်ကိုပညာ(အမရပူရ)ကိုတွေ့ဖူးချင်လာ၏။ ဝက်သားဟင်းလေးအိုးချက်ကို မြည်းစမ်းချင်လာ၏။ စာရေးဆရာများနှင့် မည်စည်ပင်ရိပ်မှာ ဝိုင်းဖွဲ့ကာ စာပေစကားကြားနာချင်လာ၏။ စာရေးဆရာများနှင့် ဦးပိန်တံတားတစ်လျှောက် လမ်းလျှောက်ကာ ကဗျာသံစာသံတွင် ရင်ခုန်ချင်လာ၏။ သို့သော် ထိုအာသီသများက ရင်ထဲမှာ ပဲသိမ်းထားရသည့် 'အုံ့ပုန်း' များပဲဖြစ်ပါသည်။ နှုတ်မှ မထုတ်ဖော်ဝံ့။ ဘယ့်နှယ် . . . မလောက်လေးမလောက်စားက . . . ရာရာစစ ဟု မျက်မှောင်ကျုံ့ကြချေမည်။ သို့သော် ထိုအာသီသများကား လျော့ပါးသွားခြင်း မရှိလေဘဲ တိုး၍တိုး၍သာ ဖြစ်ပေါ်လာလေပြီ။

တကယ်တော့ တောင်သမန်အင်းနှင့် ဦးပိန်တံတားဆီသို့ မရောက်ဖြစ်ဖူးဆိုလျှင်ပင် တစ်နှစ် နှစ်ခေါက်တော့ ရောက်ဖြစ်သည်။ မန္တလေးသားတွေဆိုတော့လည်း သည်လေးငါးဆယ်မိုင်ခရီးကို စက်ဘီးကိုယ်စီနှင့် သွားရခြင်းက အရသာထူးလည်း ဖြစ်သည်။ ဤသို့ဖြင့် ၁၉၇၅ နှင့် ၁၉၈၀ ပြည့်နှစ်ကျော်ကာလ တောင်သမန်အပျော်ခရီးတွေ မတူလေတော့တာသေချာသည်။ ၁၉၈၀ ပြည့်နှစ်ကျော်ကာလမှာ မည်စည်ပင်တွေအောက် စားဖို့သောက်ဖို့ ဝိုင်းဖွဲ့ဖို့၊ တံတားပေါ်လျှောက်ဖို့ အပျော်ငှက်လေ့စီးဖို့ ဆိုတာတွေထက် တောင်လေးလုံးကျောင်းဆိုတာ . . .၊ ကိုပညာ(အမရပူရ)ဆိုတာ . . . ကိုပဲ အာရုံရောက်နေသည်။ ဘယ်နေရာဆိုတာသည်ပင်လျှင်မသိ . . .။ ရောက်ဖူး၊ ဝင်ဖူး၊ တွေ့ဖူး၊ ကြုံဖူးချင်သော်လည်းအကြိမ်ကြိမ် မျိုသိပ်ချုပ်တည်းရသည့် ဆန္ဒများပဲ ဖြစ်ခဲ့သည်။



## စာစကား၊ ကဗျာစကားတွေ

ဤသို့ဖြင့် ထိုထိုဆန္ဒတွေက ၁၉၈၅ ခုနှစ် ဝန်းကျင်မှပဲ ပြည့်တော့သည်။ ၁၉၈၄ ခုနှစ် မန္တလေးဦးကျားကြီးဝင်း မီးကြီးလောင်အပြီး မန္တလေးအရှေ့ မြောက်မြို့နယ် စာပေလုပ်သားအဖွဲ့ အစီအစဉ်အဖြစ် မြို့လယ်ဓမ္မသာလာခန်းမမှာ စာပေဟောပြောပွဲကျင်းပသည်။ ဆရာမြသန်းတင့်၊ ဆရာမခင်ဆွေဦး . . .၊ ဆရာတင်မိုး၊ ဆရာဝင်းခက်တို့ ဖြစ်သည်။ သည်ဟောပြောပွဲအခမ်းအနားမှာ ကျွန်တော့်အစ်မဖြစ်သူ ဒေါ်ခင်ဝင်းနွယ်က မန္တလေးရိုးရာယဉ်ကျေးမှုအစဉ်အလာအရ တပင်တိုင်အကဖြင့် ဖွင့်လှစ်ရန် တာဝန်ယူခဲ့သည်။ ဆိုပါတော့ . . . ဤစိန်နားကပ်အရောင်ဖြင့် ကျွန်တော်သည် အစ်မနောက်က လိုက်ပါရင်း . . . စာရေးဆရာကြီးများနှင့် နီးကပ်ခဲ့ရသည်။ နောက်နေ့ စာရေးဆရာကြီးတွေကို တောင်လေးလုံးကျောင်းတိုက်နှင့် တောင်သမန်အင်း၊ ဦးပိန်တံတားများသို့ လိုက်ပို့ရာတွင် 'အမြှောင်' လိုက်ခွင့်ရပါ၏။ တောင်လေးလုံးကျောင်းတိုက်သို့ ရောက်ပါ၏။ ကိုပညာ (အမရပူရ) ကို ဖူးတွေ့ရပါ၏။ နာမည်ကျော် ဝက်သားဟင်းလေးချက်၊ ငရုတ်သီးကြော်၊ ပဲနှပ်၊ မှန်ရောင်ဟင်းချိုများနှင့် ထမင်းလက်ဆုံစားကြရပါ၏။ အောင်ခြင်းရှစ်ပါးဓမ္မာရုံထဲ နှီးချောဖျာကြီးတွေပေါ် စာရေးဆရာ၊ ဆရာမကြီးများနှင့် နီးကပ်စွာထိုင်ရင်း စာစကား၊ ကဗျာစကားတွေကြားနာရပါ၏။ ဦးပိန်တံတား တစ်လျှောက် ကျောက်တော်ကြီးဘုရားအထိ . . . အသွားအပြန်လမ်းလျှောက်ရင်းဆရာ၊ ဆရာမများနှင့် နီးကပ်ခဲ့ရပါ၏။ ကျွန်တော် . . . တောင်လေးလုံးကျောင်းတိုက်နှင့် ကိုပညာ(အမရပူရ)တို့၏ အံ့မခန်းအေးမြသောစာရိပ်ပေရိပ်ကို အဲဒီကတည်းက စွဲလမ်းခဲ့ပါလေတော့သည်။ အေးမြအဖိုးတန်ပါလေဘိ။

ကျွန်တော်ကား ကုန်လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော် ကာလအတွင်း တောင်လေးလုံးကျောင်းတိုက်သို့ အကြိမ်ကြိမ်ရောက်လေတိုင်း ၁၉၈၅ ခုနှစ်က ပထမဆုံးရောက်ခဲ့ဖူးသော 'တောင်လေးလုံးပီတိ' ကို သတိတရလွမ်းဆွတ်မှုက အသစ်အသစ်ဖြစ်နေရဆဲ။ အခုတောင်လေးလုံးသခင် ကိုပညာ(အမရပူရ) မရှိတော့သည့်နောက် ထိုအလွမ်းတွေက ဆတိုးကိန်းနှင့် ပွားကာများပြားလာတော့မှာ သေချာသည်။



# အစိုဓာတ်တိုင်းတာရေးကိရိယာများ စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း ပညာပေးရှင်းလင်း

**ရန်ကုန် ဇန်နဝါရီ ၂၀**
ဆန်စပါးကဏ္ဍတွင် အသုံးပြုနေသောအစိုဓာတ်တိုင်းတာရေးကိရိယာများအား စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်းနှင့် စံချိန်စံညွှန်းများဆိုင်ရာလုပ်ငန်းစဉ်များနှင့် ကိစ္စရပ်များကိုဆန်စပါးကဏ္ဍနှင့် ဆက်စပ်လုပ်ကိုင်လျက်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များအား အသိပညာပေး ရှင်းလင်းပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

**စံချိန် စံညွှန်း စစ်ဆေး**

ပညာရေးဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်စိုးလွင်က "မြန်မာနိုင်ငံရဲ့ ဆန်စပါးစိုထိုင်းဆတိုင်းတာမှုနဲ့ ပတ်သက်ပြီးတော့ တိကျမှု အရှိဆုံး primary standard အဖြစ် ထိန်းကျောင်းသတ်မှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတိုင်းနေတဲ့ တိုင်းတာမှုတွေက တကယ်ရောမှန်လား၊ မမှန်ဘူးလားဆိုတာကို နိုင်ငံတကာ စံချိန်စံညွှန်းအတိုင်း တိုက်ကြည့် စစ်ဆေးမယ်။ ဆန်စပါးအမျိုးပေါင်းတွေကို စိုထိုင်းဆတိုင်းတာတဲ့အခါမှာ သုံးမယ့်ကတ်တွေ ထုတ်ပေးမယ်။ လောလောဆယ် နွေစပါးအတွက် ကတ်တွေရရှိနေပါပြီ။ မိုးစပါးအတွက် နမူနာတွေ စုဆောင်းနေပါတယ်။ ကတ်ထွက်အောင် ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ကတ်ထွက်လာတဲ့အခါမှာ အခြားနိုင်ငံကဝင်လာတဲ့ တိုင်းတာမှုစက်တွေထဲမှာ programme ထည့်ပြီးတော့မှ ကိုယ့်နိုင်ငံနဲ့ သင့်တော်တဲ့ နိုင်ငံတကာစံချိန်စံညွှန်းနဲ့ညီတဲ့ တိုင်းတာစက်တွေကို ထည့်သွင်းဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာဆန်စပါးကို အဓိကထားပြီး ထုတ်လုပ်တဲ့အတွက် ဆန်စပါးအရည်အသွေးပြည့်မီမှသာ ပြည်ပကိုတင်ပို့လို့ရမှာ ဖြစ်တဲ့အတွက် NIMM မှ ဆန်စပါးနဲ့ပတ်သက်ပြီး တိုင်းတာမှု primary standard ကို ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်" ဟု ရှင်းလင်းပြောဆိုသည်။

**များစွာအကျိုးသက်ရောက်**

ဆန်စပါးနှင့်ပတ်သက်ပြီး နိုင်ငံတကာတွင် အစိုဓာတ်အလေးချိန်ကို အလေးထားဆောင်ရွက်နေပြီး ဝယ်ယူရောင်းချမှု ပြုလုပ်သည့်အခါတွင်လည်း အစိုဓာတ်ကို သတ်မှတ်ရာခိုင်နှုန်းထက် ကျော်လွန်မှုမရှိစေဘဲ အလေးချိန်ဖြင့် တိုင်းတာဝယ်ယူရောင်းချလျက်ရှိကြောင်း၊ အချို့နိုင်ငံများတွင် အစိုဓာတ်ကို ၁၅ ရာခိုင်နှုန်း သတ်မှတ်ထားပြီး တစ်နိုင်ငံနှင့် တစ်နိုင်ငံ သတ်မှတ်ပုံများမတူညီဘဲ မြန်မာနိုင်ငံတွင် ၁၄ ရာခိုင်နှုန်းသတ်မှတ်ကာတင်းတောင်းများဖြင့် တိုင်းတာဝယ်ယူရောင်းချလျက်ရှိကြောင်း၊ ဆန်စပါးတွင် အစိုဓာတ်ပါဝင်မှုများပြားလျှင် မှိုတက်ခြင်း၊ ဆန်ဝါပေါက်ခြင်းဖြစ်ပေါ်နိုင်သလို ခြောက်သွေ့မှု လွန်ကဲလျှင်လည်း ကြိတ်ခွဲရာ၌ ကြေမွမှုများဖြစ်နိုင်ပြီး အရည်အသွေးထိခိုက်ခြင်းများရှိလာနိုင်သောကြောင့် ဆန်၏အရည်အသွေးမှာ စိုထိုင်းဆဖြစ်မှုအပေါ်တွင် များစွာအကျိုးသက်ရောက်မှုရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ယနေ့ ကျင်းပသည့် အသိပညာပေးရှင်းလင်းပွဲ၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆန်စပါးများအား နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် အရည်အသွေးမြင့် ဆန်စပါးများ ဖြစ်ပေါ်လာစေရေးအတွက် တိကျစွာတိုင်းတာခြင်း နည်းပညာသိပ္ပံ၏ ဓာတ်ခွဲခန်း တည်ထောင်လုပ်ဆောင်နေမှုများ၊ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များနှင့် ဆန်စပါးအစိုဓာတ်သည် ဆန်စပါးအရည်အသွေးပိုင်းတွင် မည်သည့်အတိုင်းအတာအထိ အကျိုးသက်ရောက်မှုရှိနိုင်သလဲ စသည့်အကြောင်းအရာများကို ဆန်စပါးကဏ္ဍနှင့် ဆက်စပ်လုပ်ကိုင်လျက်ရှိသောသူများ၊ လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များကို သိရှိစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**အေးမင်းသူ**

# မြန်မာကင်းထောက်လူငယ်ကိုယ်စားလှယ်များ ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၂၀**
တက္ကသိုလ်ကောလိပ်၊ ကျောင်းများမှ မြန်မာကင်းထောက် လူငယ်ကိုယ်စားလှယ်များသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ ကင်းထောက် အစီအစဉ်မှူးချုပ် ဦးအေးကြိုင်နှင့် ကင်းထောက်ကြီးများ၊ တက္ကသိုလ်ကင်းထောက် လူငယ်များ၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။




**ဆွေးနွေးဖလှယ်**

ထိုင်းနိုင်ငံ ချွန်ဘူရီပြည်နယ်ရှိ Vajiravudh Scout Camp ကင်းထောက်စခန်းတွင် ဇန်နဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် Thailand National Moot 2019 တက်ရောက်ရန် မြန်မာနိုင်ငံ ကင်းထောက်လူငယ် ညှိနှိုင်းရေးမှူး မောင်ဖြိုးသူရဝင်း ခေါင်းဆောင်သည့် တက္ကသိုလ်နှင့် ကျောင်းများမှ ကျောင်းသား ၂၃ ဦးနှင့် ကျောင်းသူ ၁၀ ဦးတို့သည် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဂျပန်၊ မလေးရှား၊ မွန်ဂိုလီးယား၊ နီပေါ၊ ပါကစ္စတန်၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံများမှ ကင်းထောက်လူငယ်ကိုယ်စားလှယ် ၅၀၀ကျော်တို့နှင့်အတူ ကမ္ဘာ့ကင်းထောက်လှုပ်ရှားမှုများ၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်လှုပ်ရှားမှုများ၊ ထိုင်းနိုင်ငံ ကင်းထောက်လှုပ်ရှားမှုများကို နိုင်ငံတကာကင်းထောက်လူငယ်များနှင့် အတွေ့အကြုံများကို တွေ့ဆုံဆွေးနွေးဖလှယ်ကာ နိုင်ငံဒေသအလိုက် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးများကို ခင်းကျင်းပြသပြီး ပြန်လည်ရောင်းချမည့် ဈေးရောင်းပွဲများနှင့် စခန်းချမီးပုံပွဲများသို့ တက်ရောက်ကာ ကင်းထောက်လုပ်ငန်းများ လေ့ကျင့်သင်ကြားကြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ သိရသည်။

**ကြေးမုံ**

တိုတိုထွာထွာဖတ်စရာ

## ရွှေနှင့် ငွေများထည့်ထားသည့်အိတ် ခိုးယူသူအား ဖမ်းမိ

**မန္တလေး**
မန္တလေးမြို့ အောင်မြေသာစံမြို့နယ် နန်းရှေ့ဈေး၌ ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက ငွေကျပ် ၁၇ သိန်းနှင့် ရွှေလက်ကောက်လေးကွင်း (တန်ဖိုးငွေကျပ် ၁၁ သိန်းခန့်)တို့ထည့်ထားသော လက်ကိုင်အိတ်ပျောက်ဆုံးမှု ဖြစ်ပွားခဲ့သည်။

အဆိုပါအမှုနှင့်ပတ်သက်၍ အမှတ် (၁) နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်အောင်ကျော်မျိုးနှင့် တပ်ဖွဲ့ဝင်များက သွားရောက်စုံစမ်းစစ်ဆေးရာ ဒေါ်ခင်လှလှ (ဈေးရောင်း)က ခိုးယူခဲ့ကြောင်း သိရသဖြင့် ၎င်း၏နေအိမ်အားရှာဖွေရာ ငွေကျပ်၇၅၂၀၀၀ နှင့် ပွတ်လုံးရွှေလက်ကောက်လေးကွင်းကို တွေ့ရှိ၍ အမှုအား ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**အောင်စံမောင်**

## ကနီတွင် လူကုန်ကူးမှုပပျောက်ရေးအသိပညာပေး

**ကနီ**
စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီခွဲက ကနီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုအောင်က လူကုန်ကူးမှုပပျောက်ရေး အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## မြန်မာ ယူ-၂၂ အသင်း ဆီးဂိမ်းမတိုင်မီ ဖိတ်ခေါ်ပြိုင်ပွဲများ ယှဉ်ပြိုင်မည်

**ရန်ကုန် ဇန်နဝါရီ ၂၀**
မြန်မာ ယူ-၂၂ အသင်းသည် အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲ မတိုင်မီ ဖိတ်ခေါ်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ကြိုတင်ပြင်ဆင်မှုများကို နှစ်လယ်ပိုင်းမှစ၍ ပြင်ဆင်မည်ဖြစ်သည်။ ပထမဆုံးအဖြစ် ဇွန်လ၌ ကျင်းပမည့် တောင်ကိုရီးယား ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် တောင်ကိုရီးယားတက္ကသိုလ်၊ ဂျပန်၊ မြန်မာနှင့် အာရှနိုင်ငံများမှ လူငယ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။ ကျင်းပမည့်ကာလ၊ ကျင်းပမည့်ပုံစံနှင့် အသင်းများကို ပြန်လည်ထုတ်ပြန်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရန် အချိန်ယူပြင်ဆင်မည်ဖြစ်ပြီး နိုဝင်ဘာလတွင်လည်း ဖိတ်ခေါ်ပြိုင်ပွဲကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်အတွင်း အာဆီယံနှင့် အာရှဒေသတွင်း၌ အဆင့်မြင့်ဆုံး ပြိုင်ပွဲများကို ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံ၌ ဖေဖော်ဝါရီ ၁၇ ရက်မှမတ် ၁ ရက်အထိ ကျင်းပမည့် အာဆီယံ ယူ-၂၂ ပြိုင်ပွဲ ရန်ကုန်မြို့၌ မတ် ၂၂ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် အာရှ ယူ-၂၃ ခြေစစ်ပွဲ၊ နိုဝင်ဘာလကုန်တွင် ကျင်းပမည့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး တောင်ကိုရီးယားဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပမည့်ကာလမှာ အာဆီယံ ယူ-၂၂နှင့် အာရှ ယူ-၂၃ ခြေစစ်ပွဲ ယှဉ်ပြိုင်ပြီးဖြစ်သောကြောင့် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်မှုအနေဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၂၂ အသင်းကို ပြီးခဲ့သည့်ရက်က ဦးကြည်လွင်အစား ဘူလ်ဂေးရီးယားနိုင်ငံသား ပိုပေါ့ဗ်ကို နည်းပြချုပ်အဖြစ် ပြောင်းလဲခန့်အပ်ခဲ့သည်။

**ရှိုင်းထက်ဇော်**

## အနုပညာသတင်း

# မှတ်တမ်းသစ် တင်လိုက်တဲ့ SKY Castle




လတ်တလောထုတ်လွှင့်ပြသလျက်ရှိပြီး ဒေသတွင်းမှာ ကြည့်ရှုသူအများဆုံးရုပ်ရှင်တစ်ကားဖြစ်တဲ့ "SKY Castle"ဟာ လတ်တလောမှာတော့ မှတ်တိုင်သစ်တစ်ခု စိုက်ထူခဲ့ပြီဖြစ်ပါတယ်။ သူဟာ ယခင်က ကြည့်ရှုသူအများဆုံးအဖြစ် မှတ်တမ်းတင်ထားခဲ့တဲ့ တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲ "Goblin" ကို ကျော်ဖြတ်ကာ ဒရမ်မာဇာတ်လမ်းတွဲတွေသာမက အခြားသောရုပ်ရှင်တွေထဲမှာပါ ကြည့်ရှုသူအများဆုံးအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"SKY Castle" ကိုတော့ JTBC ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်ခဲ့တာဖြစ်ပြီး ဒီရုပ်ရှင်ဟာ တောင်ကိုရီးယားရုပ်ရှင်လောကမှာ သမိုင်းသစ်ထူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ အပိုင်းပေါင်း ၁၉ ပိုင်း ပါဝင်တာဖြစ်ပြီး ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၈ ရက်မှာ ထုတ်လွှင့်ခဲ့တဲ့အပိုင်းမှာတော့ ကြည့်ရှုသူထပ်မံတိုးခဲ့ကာ စံချိန်သစ်တင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဇာတ်လမ်းတွဲရဲ့ အောင်မြင်မှုနဲ့အတူ ပါဝင်ထားတဲ့ ဇာတ်ကောင်တွေဟာလည်း ချီးကျူးမှုတွေရရှိခဲ့တာ ဖြစ်ပါတယ်။

ယခင်က ထုတ်လွှင့်ခဲ့တဲ့ တောင်ကိုရီးယားဇာတ်လမ်းတွဲ "Goblin" ဟာ သူထုတ်လွှင့်ခဲ့တဲ့ အချိန်မှာယခုလိုပင် စံချိန်တင်နိုင်ခဲ့ပါတယ်။ "Goblin" ဟာ ပြီးခဲ့တဲ့ ၂၂ နှစ်တာအတွင်း ပထမဆုံးအကြိမ် စံချိန်သစ်တင်နိုင်ခဲ့တာဖြစ်ပြီး အဆိုပါရုပ်ရှင်ထုတ်လွှင့်ပြီးနောက် နှစ်နှစ်ခန့်အကြာမှာတော့ "SKY Castle" က "Goblin" ရဲ့ စံချိန်ကို ချိုးနိုင်ခဲ့တာ ဖြစ်ပါတယ်။ အဆိုပါဇာတ်လမ်းတွဲနှစ်ခုလုံးဟာ ဇန်နဝါရီလအတွင်းမှာပင် စံချိန်သစ်တွေ တင်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

"SKY Castle" ဟာ နောက်ဆုံးနှစ်ပိုင်းသာထုတ်လွှင့်ဖို့ ကျန်ရှိတော့တာဖြစ်ပါတယ်။ နောက်ဆုံးအပိုင်းသစ်တွေကိုတော့ လာမယ့် ဇန်နဝါရီ ၂၅ ရက်နဲ့ ၂၆ ရက်တွေမှာ ထုတ်လွှင့်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

# မွေးမေမေ၏ မေတ္တာစွမ်းအားများ

## မောင်သောင်းဝင်း(တမန်ဟောင်း)

ပြာသိုလဆန်းပိုင်းလောက်က ဆရာမ မုဒိတာ(တောင်သာ)၏ အမေများနေ့ ဆောင်းပါးကိုဖတ်ပြီး ကျေးဇူးရှင်အမေများအကြောင်းကို ဆောင်းပါးတစ်ပုဒ်လောက်ဖြင့် ကျေးဇူးဆပ်သွားဖို့ စိတ်ကူးမိခဲ့သည်။ သို့သော် မမျှော်လင့်သောတာဝန်များပိနေတာကြောင့် ပြာသိုလပြည့် (အမေများနေ့) နီးတော့ ဆောင်းပါးရေးဖို့သတိမရဘဲ ပြာသိုလဆန်း ၁၄ ရက်မှ သတိရလျှင်ရချင်း ရေးလိုက်ရသည်။

**အမေများနေ့**

မြန်မာနိုင်ငံတွင် နှစ်စဉ် ပြာသိုလပြည့်နေ့တွင် နိုင်ငံတစ်ဝန်းတွင် အမေများနေ့အထိမ်းအမှတ် အခမ်းအနားများ ကျင်းပကြသည်။ အထူးသဖြင့် မန္တလေးမြို့တွင် တခမ်းတနားကျင်းပလေ့ရှိသည်။ အမေများကို ဂုဏ်ပြုသည့် စာပေဟောပြောပွဲများ ပြုလုပ်ကြသည်။ အမေများအတွက် ကောင်းမှုကုသိုလ်များ ပြုလုပ်ကြသည်။ လူငယ်များသည် ဘိုးဘွားရိပ်သာများသို့ သွားရောက်ကာ အမေများကို လက်သည်း၊ ခြေသည်း ဖြတ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ ရေချိုးပေးခြင်း စသည့်ကောင်းမှုကုသိုလ်များ ပြုလုပ်ကြသည်။ ရေခြား၊ မြေခြားတွင် ရောက်နေသော သား သမီးများသည် အမေများထံ ဖုန်းဆက်ကြသည်။ အမေများ၏ကျန်းမာရေးအတွက် ဆုတောင်းစာလွှာများ ပို့ကြသည်။ အမေများကလည်း သား သမီးများကို မေတ္တာပို့ကြသည်။ ကြည်နူးဖွယ်ရာပင် ဖြစ်သည်။

ယခုနှစ် အမေများနေ့သည် တနင်္ဂနွေနေ့နှင့် တိုက်ဆိုင်နေသဖြင့် ဝန်ထမ်းများအတွက် အမေများနှင့်အတူနေဖို့ အခွင့်အရေးပိုမိုရရှိသည်။ စင်စစ်အားဖြင့် အမေများသည် သားသမီးများ အိမ်ထောင်ပြုသွားလျှင် အထီးကျန် နေတတ်ကြသည်။ ထို့ကြောင့် သားသမီးများအနေဖြင့် အမေများနေ့တွင် အမေနှင့်အတူ နေနိုင်အောင်ကြိုးစားသွားသင့်သည်။ အမေ့အတွက် အချိန်ပေးသင့်ပါသည်။ အမေစားချင်သည့် စားကောင်းဖွယ်ရာများ ချက်ပြုတ်ကျွေးခြင်း၊ အမေသွားချင်သည့် ဘုရားကျောင်းကန်များသို့ လိုက်ပို့ပေးခြင်းများကို အချိန်ပေးဆောင်ရွက်သင့်ပါသည်။ ပြာသိုလပြည့်နေ့ တစ်နေ့လုံးကို အမေ့အတွက် အချိန်ပေးထားသင့်ပါသည်။ တတ်နိုင်ပါက အမေ့အတွက် နေ့တိုင်းအချိန်ပေးသင့်သည် မဟုတ်ပါလား။

**လူဖြစ်ခွင့်ရ**

လူသားအားလုံးသည် မွေးမိခင်များ၏ ကျေးဇူးတရားများကြောင့်သာ ရခဲလှသော လူ့ဘဝကိုရရှိခဲ့ခြင်း ဖြစ်သည်။ အချို့သော သူများသည် အကြောင်းအမျိုးမျိုးကြောင့် လူသားအဖြစ် အသက်ရှင်ရပ်တည်ခွင့်မရဘဲ တားဆီးခြင်းခံခဲ့ကြရသည်။ ဘယ်သူမပြုမိမိမှုဆိုသည့်အတိုင်း အတိတ်ဘဝကပြုခဲ့သော ကုသိုလ်၊ အကုသိုလ်တို့အပေါ်တွင်သာ မူတည်နေမည် ဖြစ်သည်။ ဆိုရလျှင် ဤကမ္ဘာကြီးတွင် မိဘကျေးဇူးနှင့်ကင်းသူ ရှိမည်မဟုတ်ချေ။ အထူးသဖြင့် မွေးမိခင်များ၏ကျေးဇူးသည် အနန္တပင်ဖြစ်သည်။ မိဘများ၏ ကျေးဇူးတရားကို စာတစ်စောင်၊ ပေတစ်ဖွဲ့ရေးသားနေရုံမျှဖြင့် ပြည့်စုံနိုင်မည်မဟုတ်ပေ။

**အာဟာရပြည့်ဝသောနို့ချို**

လူတိုင်းတွင် ကျေးဇူးရှင်မိခင်များရှိကြပါသည်။ မိဘများသည် အနန္တဂိုဏ်းဝင်ကျေးဇူးရှင်များဖြစ်သည့်အပြင် လက်ဦးဆရာများလည်း ဖြစ်ကြသည်။ အထူးသဖြင့် မိခင်များသည် ရင်သွေးငယ်များနှင့်ထိတွေ့မှု အများဆုံး ရှိကြသည်။ "အမေများ၏အလှပဆုံးအချိန်သည် သား သမီးများကို နို့ချိုတိုက်ကျွေးပြီး တစိမ့်စိမ့်ကြည့်နေချိန်ပင် ဖြစ်သည်။" ရင်သွေးငယ်ကို နို့ချိုတိုက်ကျွေးနေသော မိခင်၏မေတ္တာသည် မည်သည့်အရာနှင့်မျှ နှိုင်းယှဉ်၍ မရနိုင်ပေ။ မိခင်များ၏မေတ္တာကြီးမားမှုကြောင့် အနီရောင်သွေးစစ်စစ်မှသည် အာဟာရပြည့်ဝသော အဖြူရောင်နို့ရည်ကြည်အဖြစ်သို့ ပြောင်းလဲသွားခြင်းဖြစ်သည်။ များစွာအံ့သြဖွယ် ကောင်းလှပေသည်။ ထို့ကြောင့် ဘုရား၊ ရဟန္တာမှလွဲ၍ ပုထုဇဉ်လူသားများသည် အမေ့နို့ဖိုးကိုကျေအောင် ပြန်လည်ပေးဆပ်နိုင်စွမ်း မရှိကြချေ။

မိခင်တစ်ဦးသည် ရင်သွေးငယ်တစ်ဦးအား ကလလရည်ကြည်စတင်သန္ဓေတည်ပြီဆိုကတည်းက မမြင်ရသေးသည့် ထိုကလေးအပေါ် မေတ္တာစိတ်များ တဖွားဖွားဖြစ်ပေါ်လျက်ရှိသည်။ ရင်သွေးငယ်ကို ထိခိုက်မည်စိုးသဖြင့် ပူ၊ ငန်၊ စပ်၊ ခါးများကို ရှောင်ရသည့်အပြင် အထိုင်၊ အထ၊ အသွား၊ အလာကိုလည်း ဆင်ခြင်ရပါသည်။ "ယောကျ်ားဖောင်စီး၊ မိန်းမမီးနေ"ဆိုသလို မိခင်တစ်ဦးသည် သေမင်းနှင့်စစ်ခင်းပြီးမှသာ သားသမီးတစ်ဦးကို မွေးဖွားရခြင်းဖြစ်သည်။ မွေးဖွားလာသည့် ထိုကလေးငယ်ကိုလည်း လူလားမြောက်အောင် ကျွေးမွေးပြုစုစောင့်ရှောက်ရသည်။ ထို့ကြောင့် မိခင်များ၏ကျေးဇူးသည် ဆပ်၍ မကုန်နိုင်ပေ။

ဆိုရလျှင် အချို့သောသူများသည် ငယ်စဉ်က မိခင်နို့ချိုရည် စို့ခွင့်မရရှိခဲ့သဖြင့် အသက်ကြီးလာသည့်အခါ ကြမ်းတမ်းခက်ထန်လေ့ရှိကြသည်။ မိခင်များ၏ မေတ္တာသည် နူးညံ့သိမ်မွေ့လွန်းလှသည်။ သားသမီးများကို အော်ဟစ်ကြိမ်းမောင်း ရိုက်နှက်လေ့မရှိကြချေ။ ပျော့ပျောင်းချိုသာစွာ ပြောဆိုပြီး ဆုံးမလေ့ရှိကြသည်။ မိသားစုတစ်စုတွင် အနစ်နာခံရဆုံးသောသူသည် မိခင်များသာ ဖြစ်သည်။ မိခင်များသည် သားသမီးများ၏ ဝေယျာဝစ္စအပြင် ခင်ပွန်းဖြစ်သူ၏ လိုအပ်ချက်ကိုလည်း မပျက်ကွက်အောင် ဖြည့်ဆည်းပေးရသည်။ အစားအသောက်နှင့် အဝတ်အစားများကိုလည်း ခင်ပွန်းနှင့်သားသမီးများကို ဦးစားပေးရလေ့ရှိသည်။ နေ့စဉ် နောက်ကျမှ အိပ်ရာဝင်ပြီး နံနက်စောစောအိပ်ရာထရလေ့ရှိသည်။ မိသားစုတစ်စုသည် မိခင်တစ်ဦး၏ အိမ်ထောင်မှု စီမံကွပ်ကဲမှုနိုင်နင်းမှသာလျှင် အစစအရာရာ အဆင်ပြေချောမွေ့နေမည် ဖြစ်သည်။

**တတ်နိုင်သမျှကျေးဇူးဆပ်စေချင်**

လူတိုင်း အမေ့ကျေးဇူးဆပ်ခွင့်မရပေ။ ကုသိုလ်ကံထူးသူများသာလျှင် မွေးမေကျေးဇူးဆပ်နိုင်သည်။ စာရေးသူသည် ကံကောင်းပါသည်။ မိဘနှစ်ပါးလုံး အသက်ရှည်ကြသဖြင့် တတ်နိုင်သမျှ ကျေးဇူးဆပ်ခွင့်ရသည်။ စင်စစ်အားဖြင့် အမေများသည် သားသမီးများထံမှ မည်သည့်အရာကိုမျှ မျှော်လင့်ခြင်း မရှိပေ။ သားသမီးများကသိတတ်လျှင် ပီတိဖြစ်နေတတ်သည်။ အမေအိုများကို ဝတ်ကြီး၊ ဝတ်ငယ်ပြုခွင့်ရသူများသည် ပို၍ကုသိုလ်ရကြသည်။ အဆွေစာရှုသူ အနေဖြင့် ကျေးဇူးရှင်အမေ၏ ထဘီကိုလျှော်ဖွတ်ပေးဖူးပါသလား။ မလျှော်ဖွတ်ဖူးသေးဘူးဆိုလျှင် လျှော်ဖွတ်ဖြစ်အောင်လျှော်ဖွတ်ကြည့်ပါ။ ထိုသို့ အမေ့ထဘီကို လျှော်ဖွတ်ရသည့် ပီတိသည် မည်သည့်အရာနှင့်မျှ အစားထိုးလို့ မရပါ။ ကြက်သီးမွေးညင်းပင် ထလာပါသည်။

**မွေးမေမေ၏မေတ္တာစွမ်းအားများ**

ထို့အပြင် မိခင်ကြီး၏ဆံပင်နှင့် မိဘနှစ်ပါး ခတ်ပုံ တို့ကိုပါ အင်္ကျီအိတ်ကပ်ထဲထည့်ပြီး သွားလေရာကို ယူဆောင်သွားလေ့ရှိပါ သည်။ ထို့ကြောင့် ဘဝတစ်လျှောက်လုံးတွင် အခက်အခဲများစွာကို ကျော်လွှန်နိုင်သည်ဟု ရိုးသားစွာယုံကြည်မိပါသည်။ မွေးမေမေ၏ မေတ္တာစွမ်းအားများသည် လွန်စွာကြီးမား သောကြောင့် ထိုစွမ်းအားများဖြင့် ရပ်တည်စေချင်ပါသည်။

ဆိုရလျှင် လူတိုင်းတွင်ကျေးဇူးရှင်မွေးမေမေများရှိကြပါသည်။ ထိုမိခင်များသည် သားသမီးများအပေါ် မေတ္တာစိမ့်စမ်းမပြတ်စီးဆင်းနေလျက်ပင်ရှိကြသည်။ မိဘ၏စုန်ရေမေတ္တာသည် တသွင်သွင်စီးဆင်းလျက်ရှိသော်လည်း သားသမီးများ၏ ဆန်ရေမေတ္တာမှာမူ တွေ့ရမြင်ရကြုံရခဲပေသည်။ လူ့ဘဝတွင် အရာများစွာကို အစားထိုးရှာဖွေနိုင်သော်လည်း ကျေးဇူးကြီးမားလှသော မိခင်များ၏ကရုဏာမေတ္တာကိုမူ မည်သည့်အရာနှင့်မျှ နှိုင်းစာ၍ မရနိုင်ချေ။ ထို့အပြင် မွေးမေမေတ္တာအေးရိပ်သည် လွန်စွာပင် နွေးထွေးအေးချမ်းလှပေသည်။ အထူးသဖြင့် သားသမီးများသည် မိဘများ သက်ရှိထင်ရှားရှိနေစဉ် တတ်နိုင်သမျှ အလုပ်အကျွေးပြုသွားသင့်ပါသည်။ မည်သို့ပင်ဆိုစေကာမူ လူတစ်ဦးသည် ကျေးဇူးရှင်မွေးမေမေ၏ မေတ္တာစွမ်းအားများဖြင့်သာ ရပ်တည်သွားမည်ဆိုလျှင် ကျန်းမာပျော်ရွှင်သော ဘဝတစ်ခုကို တည်ဆောက်နိုင်မည်ဟု အခိုင်အမာယုံကြည်မိပါသည်။ ။

> "လူတိုင်းတွင် ကျေးဇူးရှင်မွေးမေမေများ ရှိကြပါသည်။ ထိုမိခင်များသည် သားသမီးများအပေါ် မေတ္တာစိမ့်စမ်းမပြတ်စီးဆင်းနေလျက်ပင် ရှိကြသည်။ မိဘ၏ စုန်ရေမေတ္တာသည် တသွင်သွင်စီးဆင်းလျက်ရှိသော်လည်း သားသမီးများ၏ ဆန်ရေမေတ္တာမှာမူ တွေ့ရမြင်ရကြုံရခဲပေသည်။ လူ့ဘဝတွင် အရာများစွာကို အစားထိုးရှာဖွေနိုင်သော်လည်း ကျေးဇူးကြီးမားလှသော မိခင်များ၏ကရုဏာမေတ္တာကိုမူ မည်သည့်အရာနှင့်မျှ နှိုင်းစာ၍ မရနိုင်ချေ"

## အမာမြို့တွင် အမေများနေ့အထိမ်းအမှတ် သက်ကြီးပူဇော်

**အမာ ဇန်နဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး အမာမြို့ တိလောကအောင်တော်မူ သာသနာ့ဗိမာန်တော်ကြီး အတွင်းတွင် အမေများနေ့ အထိမ်းအမှတ် သက်ကြီးပူဇော်ပွဲကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယနေ့နံနက် ၉ နာရီက သတ္တမအကြိမ်မြောက်အဖြစ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပထမဦးစွာ မြို့ဦးကျောင်းဆရာတော်က သက်ကြီး အဘိုးအဘွား ၆၀ နှင့် အခမ်းအနားတက်ရောက်သူများအား သီလတရားပေးပြီး ဆေးဝါးခတ်စာ အာဟာရလက်ဆောင်ပစ္စည်းထုပ်များနှင့် ငွေကျပ်တစ်သောင်းစီကို စုပေါင်းကန်တော့ခဲ့ကြသည်။ ထို့နောက် အဘိုးအဘွားများကို နံနက်စာဖြင့် ဧည့်ခံပြီး ပြန်လည်ဆုံတွေ့ကြသည့် အဘိုး အဘွားများ၏ ဆုံးမစကားများ၊ အချင်းချင်းပျော်ရွှင်ကြည်နူးစွာပြောသော စကားများကို လူငယ်များက နားထောင်ကြသည်။

အခမ်းအနားသို့ မလာရောက်နိုင်သည့် အဘိုးအဘွားများကိုလည်း အိမ်တိုင်ရာရောက်သွားရောက်ပြီး လက်ဆောင်ပစ္စည်းနှင့် ငွေများ သွားရောက်ကန်တော့မည်ဖြစ်ကြောင်းသိရသည်။

အမေများနေ့ အထိမ်းအမှတ် သက်ကြီးပူဇော်ပွဲကို အမာမြို့ ရပ်ကွက်လေးခုရှိ လူငယ်များ စုပေါင်းပြီး နှစ်စဉ်ပြုလုပ်လာခဲ့ရာ ယခင်က စုပေါင်းထည့်ဝင်ငွေများဖြင့်လည်းကောင်း၊ ယခုအခါ ရပ်ဝေးရောက်မြို့သူ မြို့သားများ ပါဝင်လှူဒါန်းလာပြီး နှစ်စဉ်မပျက်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

## ပေါင်မြို့နယ်တွင် ယာဉ်စည်းကမ်း ပညာပေး ဟောပြော

**ပေါင် ဇန်နဝါရီ ၂၀**

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး၌ လင်းယုန်စီမံချက်ဖြင့် စည်းကမ်းပျက်ယာဉ်များအားဖမ်းဆီးအရေးယူလျက်ရှိပြီး ပေါင်မြို့နယ်အတွင်း၌ ကျောင်းသား ကျောင်းသူများအနေဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် မော်တော်ယာဉ်ဥပဒေများအား သိရှိလိုက်နာစေရန်ရည်ရွယ်ပြီး ပေါင်မြို့မ ရဲစခန်းမှူး ဒုရဲမှူး ထွန်းဇော်ဦး ခေါင်းဆောင်အဖွဲ့ ဇန်နဝါရီ ၂၀ ရက်က အထက (ပေါင်) ရွှေရတုခန်းမနှင့် အထကခွဲ (မင်းတန်း)တို့တွင် ကျောင်းသား ကျောင်းသူများနှင့် ဆရာဆရာမများအား ပညာပေးဟောပြောမှုများ ပြုလုပ်ကြကြောင်း သိရသည်။

**ဝရဇိန်(ပေါင်)**



**စာအုပ်စာပေ လူ့မိတ်ဆွေ**




[illegible]

| စဉ် | ပျောက်ဆုံးသူ | | ပျောက်ဆုံးသည့် | | | | | ပျောက်ဆုံးသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | မြို့နယ် | [illegible] | [illegible] | [illegible] | [illegible] | |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

[illegible]

| စဉ် | ပျောက်ဆုံးသူ | | ပျောက်ဆုံးသည့် | | | | | ပျောက်ဆုံးသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | မြို့နယ် | [illegible] | [illegible] | [illegible] | [illegible] | |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

သစ် တော မှန် လျှင် အ သုံး ဝင်၊ အ စဉ် ထာ ဝ ရ ထိန်း သိမ်း ကြ

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ် ဒီအိုအေဘယ်(လ်)၊ ဝန်ကြီး(ငြိမ်း)
ကြည်း-၇၀၈၆
## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ အမှတ်(၄၄၉/QR)၊ မိုးမခလမ်းနေ ဗိုလ်မှူးဒေါ်ခင်သိန်းမူ(ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း၊ သား ဦးအောင်သီဟ-ဒေါ်ချိုချိုခိုင် တို့၏ ကျေးဇူးရှင် မွေးသဖခင်၊ ညီအစ်ကိုမောင်နှမ ၁၂ ယောက်တို့၏ ချစ်လှစွာသော အစ်ကိုကြီးသည် ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၈း၅၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့။** **လုံထန်(ဌာနေ)ပြည်သူ့စစ်တပ်ဖွဲ့။**
**တာမိုးညဲ(ဌာနေ)ပြည်သူ့စစ်တပ်ဖွဲ့။** **ရှောက်ဟော်(ဌာနေ)ပြည်သူ့စစ်တပ်ဖွဲ့။**

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ် ဒီအိုအေဘယ်(လ်)၊ ဝန်ကြီး(ငြိမ်း)
ကြည်း-၇၀၈၆
## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ အမှတ်(၄၄၉/QR)၊ မိုးမခလမ်းနေ ဗိုလ်မှူးဒေါ်ခင်သိန်းမူ(ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း၊ သား ဦးအောင်သီဟ-ဒေါ်ချိုချိုခိုင် တို့၏ကျေးဇူးရှင် မွေးသဖခင်၊ ညီအစ်ကိုမောင်နှမ ၁၂ ယောက်တို့၏ ချစ်လှစွာသောအစ်ကိုကြီးသည် ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၈း၅၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**T M H Telecom Public Co.,Ltd**
**တာမိုးညဲချမ်းသာကုမ္ပဏီများအုပ်စု**

### ဦးမောင်ကျင်(ခ)ဝေါင်ဖီဂျင်
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း၊ အမှတ်(၂၃၁)နေ လီငွေပေါင်(ခ)ဒေါ်ငွေရင်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်မျိုးလှိုင်-ဝေါင်မီယိမ်း(ခ)မချိုချိုမြင့် တို့၏ ချစ်လှစွာသော ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၁၈-၁-၂၀၁၉ (သောကြာနေ့) နံနက် ၈း၂၅ နာရီတွင် ရန်ကုန်ရွှေလမင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၉ ရက် နံနက် ၈း၃၀ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

**သင့်**
**သွေးဖြင့်**
**အသက်**
**ကယ်ပါ**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးဝင်း
**အသက်(၈၅)နှစ်**
**ဒုတိယ အင်ဂျင်နီယာချုပ်(ငြိမ်း)**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သီဟသူလမ်း၊ မြသီတာအိမ်ရာ၊ အမှတ်(၁၉၀)နေ (ဒေါ်တင်တင်ဟန်)၏ ခင်ပွန်းဖြစ်သူ ဦးဝင်း အသက်(၈၅)နှစ်သည် ၁၉-၁-၂၀၁၉ (စနေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စိုးဝင်း၊ ဒု-အင်ချုပ်(ငြိမ်း) MEPE**
**ကျော်ခိုင်ထွန်း၊ ဒု-အင်ချုပ်(ငြိမ်း) MEPE**
**စိုင်းထွန်းဝင်း၊ စီ-ဂျာ(မန္တလေး-ငြိမ်း) MEPE**
**အုန်းဇော်၊ စီ-ဂျာ(မန္တလေး-ငြိမ်း) MEPE**
**မိတ္ထီလာစီမံကိန်းမှ ချစ်တပည့်များ**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဒေါ်ခင်သက်မြိုင်
**ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန**
**ကလေးအထူးကုဆရာဝန်ကြီး(ငြိမ်း)**
**အသက်(၇၄)နှစ်**

1985-95 Batch ဆေးတက္ကသိုလ်(၁)မှ သူငယ်ချင်း ဒေါက်တာမင်းဦးမြင့်၏ ချစ်လှစွာသောမိခင်ကြီး ဒေါက်တာဒေါ်ခင်သက်မြိုင်သည် ၁၈-၁-၂၀၁၉ ရက် ညနေ ၃း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ သူငယ်ချင်းရဲ့မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ်(၁) 85-95 Batch မှ သူငယ်ချင်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ဟန်နု**
**အသက် ( ၇၈ ) နှစ်**

ဦးသန့်ဇင် ( ဟန်စိန်သန့်ကုမ္ပဏီ ) + ဒေါ်သူဇာမြစိန်တို့၏ မိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ဟန်နု အသက် ( ၇၈ ) နှစ်သည် ၁၄.၁.၂၀၁၉ ( တနင်္လာနေ့ ) နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Dr. ဦးဝင်းမြင့် + ဒေါ်နိုင်နိုင်ဦး
မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက်

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄/တောင်၊မြေကွက်အမှတ်-၈၃၁/ခ၊မြေဧရိယာ(၁၂၀၀)စတုရန်းပေ=(၂၀'×၆၀')မြေကွက်တည်နေရာအမှတ်-၈၃၁/ခ၊အောင်သစ္စာ(၄)လမ်း၊(၄/တောင်)ရပ်ကွက်၊သာကေတမြို့နယ်ပေါ်မှ(၁၂/သကတ(နိုင်)၀၇၄၆၆၀)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားတရားလိုဒေါ်စိန်စိန်သန်းမှရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၂၀၁၄ခုနှစ်တရားမကြီးမှုအမှတ်-၁၄၇ဖြင့်တရားပြိုင်ဦးစိုးမြင့်၊ ဦးစိုးနိုင်၊ဦးစိုးလှိုင်၊ဒေါ်ပြုံးကြည်၊ဒေါ်ပြုံးရီ၊ဦးစိုးမင်း၊ဦးစိုးဝင်း(ခ)ချိုတူး၊ဒေါ်တင်မာစိုး(အမည်ပေါက်၏သားသမီး)တို့အပေါ် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန်တရားစွဲဆိုခဲ့ရာ၂၀-၁၁-၂၀၁၄ရက်နေ့အနိုင်ဒီကရီနှင့်ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏၂၀၁၅ခုနှစ်တရားမဇာရီမှုအမှတ်-၁၀၏၁၈-၇-၂၀၁၈ရက်စွဲပါဘီလစ်ခန့်အပ်ကြောင်းအမှတ်သည့်တရားရုံးနေ့စဉ်မှတ်တမ်း၊ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏၃၁-၇-၂၀၁၈ရက်စွဲပါစာအမှတ်(၂၆၁၁/၃-၁၄/၂၀၁၈)၏တရားရုံးများကိုယ်စားတရားရုံးအရာရှိအဖြစ်ဒေါ်အေးငြိမ်းပြည့်အားဘီလစ်အရာရှိခန့်အပ်ပြီးဖြစ်ကြောင်း၊စာတိုအရဘီလစ်ဒေါ်အေးငြိမ်းပြည့်(၁၂/ကမရ(နိုင်)၀၆၀၃၄၀)မှတရားရုံးအမိန့်များ၊ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏၃၁-၇-၂၀၁၈ရက်စွဲပါဘီလစ်ခန့်စာ၊ဒေါ်မှုနှံအမည်ပေါက်နှစ်(၆၀)ဂရန်မူရင်းတို့တင်ပြ၍အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာပါသည်။မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင်မြေကွက်လပ်ဖြစ်ပြီးတရားနိုင်နေထိုင်ခြင်းမရှိကွင်းဆင်းစဉ်တရားနိုင်မှသဘောတူပြီးပါသဖြင့်တရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ်၊ လှူနေရပ်ကွက်အမှတ်(၂၈)၊ မြေတိုင်းရပ်ကွက် အမှတ်(၂၈)၊ မြေကွက်အမှတ် (၄၁၉)၊ မြေအကျယ်အဝန်း (၄၀'×၆၀') ရှိနှစ် (၆၀)ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် တို့ကို မြေအမည်ပေါက် ဦးအောင်ထွန်း(ခ) ဦးအောင်ဝေထံမှ အဆင့်ဆင့်ဆက်စပ်စာချုပ်များနှင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မေရီဝင်း(ဘ)ဦးလာဘမ်း ၉/စကတ(နိုင်)၀၆၇၇၂၅၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် တန်ဖိုးငွေ၏ တစိတ်တပိုင်းကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း နိုင်လုံသောအထောက်အထားများနှင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်အေး(စဉ်-၅၃၃၅)
B.A.R.L
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၃၃၈၈၈၈၆၀၊ ၀၉-၇၉၅၂၅၀၅၅၆

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

### ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဗိုလ်မှူးချုပ် ဒီအိုအေဘဲလ်၊ ဝန်ကြီး(ငြိမ်း)

**ကြည်း-၇၀၈၆**

## အသက်(၈၄)နှစ်

ရန်ကုန်မြို့နေ [မစ္စတာအေတီအေဘယ်(လ်)-ဒေါ်ရစ်ချယ်]တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ အမှတ်(၄၄၉/QR)၊ မိုးမခလမ်းနေ ဗိုလ်မှူးဒေါ်ခင်သိန်းမူ(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်သီဟ-ဒေါ်ချိုချိုခိုင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ညီအစ်ကိုမောင်နှမ ၁၂ ယောက်တို့၏ ချစ်လှစွာသော အစ်ကိုကြီးသည် ၂၀-၁-၂၀၁၉ ရက် နံနက် ၈း၅၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှလုံးအထူးကြပ်မတ်ကုသဆောင်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါ်ဘီနာ(ခ) BINA SARKAR

**(ကျောက်ဖြူ ဝါးခယ်မ)**

**အသက် (၈၂) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ်(၇၆၆)၊ (ဒု-ထပ်/A)နေ (DR.B.C.DAS-MRS S.K.DAS)တို့၏ သမီး၊ [ဦးဖော်နီ (ခ) F.L SARKAR]၏ဇနီး၊ ဦးဘနီ-ဒေါ်မာလာ၊ ဦးသာအောင်-ဒေါ်ညိုညို၊ ဦးဘတင်-ဒေါ်လှကြည်၊ ဒေါ်စိန်စိန်၊ ဦးကျော်အေး၊ ဦးကျော်မြင့်-ဒေါ်နီလာစောတို့၏မွေးသမိခင်၊ မြေး ၁၃ ယောက်၊ မြစ်ခြောက်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၉-၁-၂၀၁၉ (စနေနေ့) ည ၉း၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးဟိန္ဒူသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်နှင့် မေတ္တာညွန့်ရပ်ကွက်နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ သိမ်၊ ကျောင်းဒါယိကာမကြီး

**ဒေါ်ရီရီမြင့် (၇၃)နှစ်**

**လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု)၊ ငြိမ်း**

ကားမိုင်းမြို့နေ (ဦးထွန်းလှိုင်-ဒေါ်ငွေတင်)တို့၏ သမီးကြီး၊ မန္တလေးမြို့နေ ဦးဖုန်းမြင့် (Golden Mandalay Hotel)-ဒေါ်ခင်သန်းမေ(MD-စိမ်းရွှေဝါရွှေဆိုင်)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နေ ဦးဖုန်းတင့်-ဒေါ်မြင့်မြင့်ထွေးတို့၏အစ်မကြီး၊ မန္တလေးမြို့နေ ကိုအောင်ထွန်း-မစုစုလှိုင်၊ ကိုမောင်ကောင်း-မဇင်ဇင်လှိုင်၊ ကိုမျိုးမြင့်လှိုင်-မခိုင်ဇင်သိန်း၊ ရန်ကုန်မြို့နေ ကိုစောဝင်းညွန့်-မဥမ္မာဆွေ (သူနာပြု အရိုးအထူးကုဆေးရုံကြီး)တို့၏ ကြီးကြီး ဒေါ်ရီရီမြင့်သည် ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉း၁၀ နာရီတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ဗဟိုလမ်း၊ လေးလွှာ၊ အမှတ်(၈၄-ခ)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးမျိုးမြင့်အောင် (၄၉)နှစ်

ရွှေပြည်သာမြို့နယ်နေ (ဦးသန်းမောင်)-ဒေါ်သန်းနုတို့၏သား၊ ဦးခင်မောင်ဝင်း- ဒေါ်တူးတူးမေတို့၏သားသမက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၂)ရပ်ကွက်၊ တိုက်(၂၁)၊ အခန်း(၁၀၂)၊ စံပယ်လမ်း၊ စစ်တောင်းရိပ်မွန်၊ ယူဇနဥယျာဉ်မြို့တော်နေ ဒေါ်ဝင်းမာသန်း (Htoo Group of Companies)၏ ခင်ပွန်း၊ မောင်မျိုးဇာနည်ထွဋ်(ခ)ဘိုဘို(ဒုတိယနှစ်-အဝေးသင်)၊ မမေသော်တာမြင့်အောင်(အဋ္ဌမတန်း၊အထက-၂ လသာ)တို့၏ဖခင်၊ (ဦးရဲလွင်)-ဒေါ်မော်လီ၊ (ဦးစိုးဝင်း)၊ ဒေါ်နုနုအောင်၊ ဒေါ်ဝေဝေအောင်၊ ဦးဝင်းထိုက်တို့၏ ညီ/မောင် ဦးမျိုးမြင့်အောင်သည် ၁၈-၁-၂၀၁၉ (သောကြာနေ့) နံနက် ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် ကျူချောင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ယုဇနဥယျာဉ်မြို့တော်၊ စစ်တောင်းရိပ်မွန်၊ စံပယ်လမ်း၊ တိုက်(၂၁)၊ အခန်း(၁၀၂)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်း

### အသက်(၈၅)နှစ်

**ဒုတိယ အင်ဂျင်နီယာချုပ်(ငြိမ်း)**

**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သီဟသူလမ်း၊ မြသီတာအိမ်ရာ၊ အမှတ်(၁၉၀)နေ (ဒေါ်တင်တင်ဟန်)၏ ခင်ပွန်းဖြစ်သူ ဦးဝင်း အသက်(၈၅)နှစ်သည် ၁၉-၁-၂၀၁၉ (စနေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်ရွှေ ဒု-အင်ချုပ်(ငြိမ်း) MEPE-ဒေါ်ညွန့်ညွန့်အောင် မိသားစု**
**(ဦးအေးသော်)အင်ချုပ်(ငြိမ်း) MEPE-ဒေါ်လှလှမြင့် မိသားစု**

---

## အနိစ္စ

### မြေပုံမြို့နယ်အသင်း(ရန်ကုန်)

**ဒေါ်နုမဖြူ**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၆)ရပ်ကွက်၊ ရွှေညောင်လမ်း၊ အမှတ် (၁၅၃၅/က)နေ ဒေါ်ခင်မေအုန်း၊ ဦးလှရွှေ၊ ဒေါ်စုစုငွေ၊ ဒေါ်အေးအေးငွေ၊ မောင်လှငွေ၊ မောင်အောင်စိုးတို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွား၊ ဦးကျော်လှအောင်၏ဇနီးသည် ၁၉-၁-၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

---

### ဦးမြင့်သန်း

**အသက်(၇၀)**

**တပ်မတော်-ရေ ငြိမ်း**

ရန်ကုန်မြို့နေ (ဦးထွေး-ဒေါ်သန်းတင်)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖ-ဆ-ပ-လ ရပ်ကွက်၊ တိုက်(၄)၊ အခန်း(၇)နေ (ဦးအောင်ခင်-ဒေါ်တင်မေ)တို့၏ သားသမက်၊ (ဒေါ်အေးအေးမြင့်)၏ ခင်ပွန်း၊ ဒေါ်သီဂီဝင်း (ထက်ပြ-အထက-၃၊ မင်္ဂလာတောင်ညွန့်)၊ ဦးအောင်မင်းမြတ် (Multigate Shipping Co.,Ltd.)တို့၏ဖခင် ဦးမြင့်သန်းသည် ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၄ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ကိုအာကာစိုး (B.E Civil)

**အသက်(၄၀)**

ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်နေ (ဦးစံရွှေ)၊ (ဒေါ်ဝင်းကြည်)၊ ကျောက်ပန်းတောင်းမြို့၊ ဈေးကွက်သစ်ရပ်နေ (ဦးနေညွန့်)၊ (ဒေါ်ဖွားနု)တို့၏ မြေးဦး၊ ကျောက်ပန်းတောင်းမြို့၊ ဈေးကွက်သစ်ရပ်နှင့် ပုပ္ပါးမြို့နေ ဦးအောင်စိုးဝင်း-ဒေါ်တင်တင်ဆွေတို့၏သားကြီး၊ မကြည်သာစိုး (Popa Mountain Resort)၊ မနေရည်လင်းလက် (အလပြ-ရေဆင်း)တို့၏ အစ်ကို ကိုအာကာစိုးသည် ၁၈-၁-၂၀၁၉ (သောကြာနေ့) ည ၇း၀၅ နာရီတွင် ပုပ္ပါးမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ပုပ္ပါးမြို့၊ မယ်စည်အိုသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၉ (ကြာသပတေးနေ့)တွင် ပုပ္ပါးမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### လ/၁၂၉၄၃ ရဲတပ်ကြပ်ကြီး အုန်းရွှေ (ငြိမ်း)

**(အိုးသည်ကုန်းမြို့)**

**အသက် (၈၆) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်းမြို့နေ (ဒေါ်ခင်သိန်း)၏ခင်ပွန်း၊ ဦးညွန့်လှိုင်(အား/ကာ-ငြိမ်း)-ဒေါ်ခင်အေးကြူ(အထက်တန်းပြ-ငြိမ်း)တို့၏ဦးလေး၊ ဦးမြင့်သူ (MEGA ONE GARMENT CO., Ltd)-ဒေါ်သန်းသန်းလင်း(ဒု-ဦးစီးမှူး၊ စိုက်/မွေး/ဆည်)၊ (ရဲတပ်ကြပ် စိုးလွင်)-ဒေါ်အုန်းကြည်၊ ဗိုလ်ကြီးဇော်ဝင်း (ငြိမ်း၊ ဒုတိယညွှန်ကြားရေးမှူး၊ နိုင်ငံတော် သမ္မတရုံး)-ဒေါ်နုနုဝေ(JAT) အလက-၃၊ အထကခွဲ၊ အုပ်ခွဲတပ်ကြပ်ကြီးညွန့်ဝင်း (ကပစ-၁၄)-ဒေါ်အုန်းကြည် (ကပစ-၁၄)၊ အရာခံဗိုလ်အောင်အောင် (တဆရ-၃၀၀၊ ရန်ကုန်)-ဒေါ်သိန်းချစ်၊ ဒုရဲအုပ်မောင်ရှန် (နစက-၆)-ဒေါ်ခင်သီတာအေး၊ ဦးသန်းထွဋ်လင်း-ဒေါ်တိုးတိုးလွင်၊ ဦးသက်ဇော်ဦး-ဒေါ်အေးအေးသိန်းတို့၏ ဖခင်၊ မြေး ၁၃ ယောက်၊ မြစ်သုံးယောက်တို့၏အဘိုး ရဲတပ်ကြပ်ကြီးအုန်းရွှေ(ငြိမ်း)သည် ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ဝဝး၂၀ နာရီတွင် မင်္ဂလာဒုံမြို့နယ်၊ RMB-37 နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးဝင်း (B.Sc, Engg -Electrical)**

**ဒု-အင်ဂျင်နီယာချုပ်(ငြိမ်း)၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

**အသက် (၈၅) နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နေ ဦးရာလှ-ဒေါ်စိန်(မြောင်မြို့အစိုးရအထက်တန်းကျောင်းရာသက်ပန်ရွှေတံဆိပ်အလှူရှင်)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ အမှတ်(၁၉၀)၊ သီဟသူလမ်း၊ မြသီတာအိမ်ရာနေ (ဒေါ်တင်တင်ဟန်)၏ခင်ပွန်း၊ ဒေါ်ထားထား(ပြည်ထောင်စုတရားလွှတ်တော်ချုပ်)၊ ဦးကျော်ကျော်(မြန်မာ့လျှပ်စစ်-ငြိမ်း)၊ ဒေါ်ကျော့ကျော့(ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)တို့၏ဖခင်၊ မအေးအေးသန်း၊ မအုပ်လွဲတို့၏ဘိုးဘိုးကြီးသည် ၁၉-၁-၂၀၁၉ (စနေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါက်တာသန္တာမင်း (ရေနံချောင်း)

**အသက်(၅၅)နှစ်**

**ပါမောက္ခ၊ ကျောင်းအုပ်၊ မော်ဘီနယ်မြေ**

**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

ဦးလှမောင်-ဒေါ်သိန်းကြွယ်၊ ဦးစောလှိုင်-ဒေါ်သိန်းတင့်တို့၏ မြေး၊ ရေနံချောင်းမြို့၊ ရွှေဘုံသာ(LUCKY)နေ (ဒေါက်တာဦးမင်းထွဋ်)-ဒေါ်မြင့်မြင့်သန်းတို့၏ သမီးလတ်၊ ဒေါက်တာမဥျှမင်း (ဒုတိယပါမောက္ခချုပ်၊ မန္တလေးတက္ကသိုလ်)၏ ညီမ၊ ဦးဇော်ဇော်လှိုင်-ဒေါ်ယဉ်ထွေးမင်း (အင်/ယာမှူး၊ ရေနံချောင်းရေနံမြေ)တို့၏အစ်မ၊ မတွယ်တာမှူးခင် (ပထမနှစ်၊ ဆေးတက္ကသိုလ်၊ မကွေး)၊ မချမ်းမြမှူးခင်တို့၏ အဒေါ်၊ မောင်မင်းပြည့်စုံ (နောက်ဆုံးနှစ်၊ Mechatranies၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၏ ချစ်လှစွာသောမိခင် ဒေါက်တာသန္တာမင်း သည် ၁၉-၁-၂၀၁၉ (စနေနေ့) ညနေ ၅း၁၅ နာရီတွင် ရေနံချောင်းမြို့၊ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရွှေဘုံသာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်စန်းစန်းမြင့်

**(ရုံးအုပ်၊ ညွှန်ကြားရေးမှူးရုံး)**

**ဆည်မြောင်းနှင့်ရေအသုံးချစီမံခန့်ခွဲရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး**

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၅၀၃)၊ ဗညားဦး(၁)လမ်း၊ (၁၂)ရပ်ကွက်နေ (ဦးလှအေး-ဒေါ်ယဉ်နွဲ့)တို့၏ သမီးငယ်၊ ဦးမျိုးညွန့်၊ (ဦးမျိုးအောင်)-ဒေါ်ဝင်းကြည်(တာမွေမြို့နယ်၊ သ/မ အသင်းစုလီမိတက်)၊ ဦးအောင်ကျော်စွာ-ဒေါ်မေစန်းအေး၊ (ဦးတင်စန်း)-ဒေါ်အေးအေးမြင့်(ခ) ဒေါ်အေး၊ ဒေါ်ခင်သန်းနွဲ့တို့၏ ညီမ၊ မဆုမွန်ဖြိုး(မြဝတီဘဏ်၊ မြောက်ဒဂုံ)၊ မတင်ရတနာ(နည်းပညာတက္ကသိုလ်၊ သန်လျင်)၊ မချောရတီကျော် (ဒဂုံတက္ကသိုလ်)၊ မောင်စည်သူညွန့်ဝေ၊ မဖြူစင်ဝင်းပပ(ထ-၁၊ မြောက်ဒဂုံ)၊ မောင်စွမ်းပြည့်စုံထွန်း(ထ/၄၊ ဗိုလ်တထောင်)တို့၏အဒေါ် ဒေါ်စန်းစန်းမြင့်သည် ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၉(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်း

### အသက်(၈၅)နှစ်

**ဒု-အင်ဂျင်နီယာချုပ်(ငြိမ်း)**

**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

၁၉၆၁ ခုနှစ်မှ စတင်၍ မြောင်မြို့ အထက်တန်းကျောင်းမှ ဒသမတန်း ပထမဆုရ ကျောင်းသားများအား နှစ်စဉ် ဦးရာလှ-ဒေါ်စိန် ရွှေတံဆိပ်ဆုချီးမြှင့်ခဲ့သော အလှူရှင် ဦးဝင်းသည် ၁၉-၁-၂၀၁၉ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ**
**အထက(မြောင်မြို့)**

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ ကေသရ (ခ)ဦးကျော်

**သိက္ခာတော်(၂၃)ဝါ၊ သက်တော်(၁၀၀)**

**(ဇနိတာရာမမိုးကုတ်ရိပ်သာ၊ စိန်ရွှေကုန်း)**

**ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ငြိမ်း)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၅)နေ (ဒေါ်ကျင်ရွှေ)၏ ခင်ပွန်း၊ ဒေါ်ယဉ်ယဉ်ဆွေ၊ ဦးလင်းထိန်-ဒေါ်ဝင်းဝင်းငွေးတို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီးသည် ၁၉-၁-၂၀၁၉ (စနေနေ့) ညနေ ၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၃-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်းတံတားအလှူရှင်

**ဒေါ်ထွေးကျင် (တာဝကျေးရွာ၊ ပဲခူးမြို့)**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၉)လမ်း၊ အမှတ်(၁၃၆)၊ လေးလွှာနေ (ဦးထံယား-ဒေါ်ရွှေဖော့)တို့၏ သမီး ဒေါ်ထွေးကျင်သည် ၁၉-၁-၂၀၁၉ ရက် နံနက် ၉း၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း

**ဂျဲခင်ခင်နှင်း(ခ)ဂျဲဂဲထရဖေ**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (က/၅)လမ်း၊ အမှတ်(၃၂၀)နေ မန်းချစ်ဖေ-ဂျဲနှင်းငွေတို့၏သမီးထွေး၊ ရဲမှူးစောစန်းဒို(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ စောနေမျိုးထက်-နော်အဲနေထူး၊ စောကျော်မျိုးထက်-နော်မူးခိုဖော(ခ)နော်ကြည်ဖြူလင်းလက်တို့၏ ချစ်လှစွာသောမိခင်၊ နော်ဂျိုအဲနာထက်၊ စောအင်ထရူးထက်တို့၏ ချစ်လှစွာသောအဘွားသည် ၁၉-၁-၂၀၁၉ ရက် ညနေ ၄း၁၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၁-၁-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်သန်းအေး (လက်ပံတန်း)

**မန်နေဂျာ(စက်မှု/စားကုန်)**

**အသက် (၇၀)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၃၀)၊ ဗိုလ်မြတ်ထွန်းလမ်းနေ (သခင်စိန်မောင်-ဒေါ်အေးချို)တို့၏သမီး၊ (ဒေါ်ယဉ်ယဉ်မြင့်)၊ (ဒေါ်ခင်ဝင်းမာ)တို့၏ ညီမ/အစ်မ၊ ဦးမျိုးညွန့်၏ဇနီး၊ (ဦးဇေယျာမျိုး)-ဒေါ်သီဂီဝင်း၊ ဦးမျိုးသက်စိုး (Uniteam Marine Co.,Ltd)-ဒေါ်သီရိဇော်တို့၏ မွေးသမိခင်၊ မောင်မျိုးမြင့်မောင်မောင်ပြုံး၊ မသက်သွန်းသီရိတို့၏အဘွားသည် ၁၉-၁-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးကိုကိုလေး

**မြသိဒ္ဓိဆန်စက်-ဝါးခယ်မမြို့**

**အသက် (၆၈) နှစ်**

(ဦးရန်ကီး-ဒေါ်ညွန့်)တို့၏သားသမက်၊ (ဦးအောင်ရှင်)-ဒေါ်ကြင်၊ ဦးကျင်ရွှေ-ဒေါ်မေခင်၊ ဦးမျိုးဆန်း-ဒေါ်ညွန့်ရီ၊ ဦးခင်မောင်တင့်-ဒေါ်ညွန့်လှိုင်တို့၏ ညီ/မောင်၊ ငြိမ်းချမ်းကိုကို၊ ငြိမ်းချမ်းကိုငယ်၊ ယမင်းကိုလေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ (ဒေါ်ကျင်လှိုင်)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉-၁-၂၀၁၉ (စနေနေ့) India စံတော်ချိန် ၁၀း၃၀ နာရီတွင် India နိုင်ငံ၊ Chennai မြို့ရှိ Global Hospital ၌ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၉ ရက် အိန္ဒိယစံတော်ချိန် ၁၁ နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၉ ရက်တွင် ဝါးခယ်မနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးကိုကိုလေး

**မြသိဒ္ဓိဆန်စက်-ဝါးခယ်မမြို့**

**အသက် (၆၈) နှစ်**

(ဦးခင်မောင်-ဒေါ်ခင်ရီ)တို့၏သား၊ ဦးမြသောင်း-ဒေါ်ညွန့်ညွန့်၊ ဦးမြင့်-(ဒေါ်ခင်ခင်)၊ ဒေါ်ရီရီ၊ (ဦးကိုကိုကြီး)-ဒေါ်အေးအေးပြုံးတို့၏ မောင်/ညီ၊ ဒေါ်မွှေးမွှေး၏အစ်ကို၊ ငြိမ်းချမ်းကိုကို၊ ငြိမ်းချမ်းကိုငယ်၊ ယမင်းကိုလေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ (ဒေါ်ကျင်လှိုင်)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉-၁-၂၀၁၉ (စနေနေ့) India စံတော်ချိန် ၁၀း၃၀ နာရီတွင် India နိုင်ငံ၊ Chennai မြို့ရှိ Global Hospital ၌ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၉ ရက် အိန္ဒိယစံတော်ချိန် ၁၁ နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၉ ရက်တွင် ဝါးခယ်မနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ကိုကျော်ကျော်

**အသက် (၃၃)နှစ်**

**CDC-78927**

**MT.AQUABELLE**

**M.T.M Ship Management**

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ ကြိုးကြာကန်ရွာနေ ဦးတင်ဝင်း-ဒေါ်အေးအေးဆင့်တို့၏သားငယ်၊ ကော့မှူးမြို့နယ်နေ ဦးဉာဏ်လွင်-ဒေါ်ဖြူလုံးတို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ ရွာမ(၁)လမ်း၊ အမှတ်(၃၈၀)နေ မသင်းသင်းကြိုင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်ဘုန်းသန့်၏ဖခင် ကိုကျော်ကျော်၏ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် အင်ဒိုနီးရှားနိုင်ငံ၊ ပီကန်ဘာရူးမြို့၌ မြန်မာဗုဒ္ဓဘာသာထုံးတမ်းစဉ်လာနှင့်အညီ ကောင်းမွန်စွာ မီးသင်္ဂြိုဟ်ပြီးစီးပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လာအိုပြည်သူ့တပ်မတော်တည်ထောင်မှု နှစ်(၇၀)ပြည့် စစ်ရေးပြအခမ်းအနား တက်ရောက်




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လာအိုပြည်သူ့တပ်မတော်တည်ထောင်မှု နှစ်(၇၀)ပြည့် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**
လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီး General Chansamone CHANYALATH ၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့တပ်မတော် တည်ထောင်မှု နှစ်(၇၀)ပြည့် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန် လာအိုနိုင်ငံ၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဗီယင်ကျန်း ပြည်နယ်ရှိ ကိုမာဒမ်စစ်တက္ကသိုလ်၌ ကျင်းပပြုလုပ်သည့် လာအိုပြည်သူ့တပ်မတော် တည်ထောင်မှုနှစ် (၇၀)ပြည့် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ Mr. Bounnhang Vorachith နှင့် အစိုးရအဖွဲ့ဝင်များ၊ ကာကွယ်ရေးဝန်ကြီး General Chansamone CHANYALATH၊ လာအိုအမျိုးသားတပ်မတော် အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံရေး လုပ်ငန်းဌာနညွှန်ကြားရေးမှူး၊ ဗီယက်နမ်နိုင်ငံ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ကာကွယ်ရေးဝန်ကြီး၊ ရုရှားကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံတကာစစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူးရုံးအကြီးအကဲ၊ ကမ္ဘောဒီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီး၊ ထိုင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး၊ လာအိုနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားကို လာအိုပြည်သူ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့က လာအိုရိုးရာ သရုပ်ဖော်အကများဖြင့် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳**




# MFF Amateur League 2018 ဘောလုံးပြိုင်ပွဲ ကြယ်စင်စု FC အသင်း အနိုင်ရဗိုလ်စွဲ

**မန္တလေး ဇန်နဝါရီ ၂၀**
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် MFF Amateur League 2018 ဘောလုံးပြိုင်ပွဲနောက်ဆုံးပွဲစဉ်အဖြစ် ကြယ်စင်စု FC အသင်းနှင့် A Yar Zar FC အသင်းတို့ ယနေ့နံနက်ပိုင်းက မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ကြယ်စင်စု FC အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားပြီး ၁၄ ပွဲကစား ၁၂ ပွဲနိုင် ရမှတ် ၃၆ မှတ်ဖြင့် ပထမဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ MFF Amateur League 2018 ပြိုင်ပွဲအဆင့် (၈)ရရှိသည့် ပလိပ်နင်ဂျာအသင်းအားဆုငွေ ကျပ်သုံးသိန်း၊ အဆင့် (၇) ရရှိသည့် ချမ်းအေးသာစံအသင်းအား ဆုငွေကျပ် ၅ သိန်း၊ အဆင့် (၆) နေရာရရှိသည့် ကုန်စည်ဒိုင်အသင်းအားဆုငွေကျပ်ခုနစ်သိန်း၊ အဆင့် (၅) နေရာရရှိသည့် A Yar Zar FC အသင်းအား ဆုငွေကျပ် ကိုးသိန်းအဆင့် (၄) ရရှိသည့် BMPT အသင်းအားဆုငွေကျပ် ၁၁ သိန်းတို့ကို ဒုရဲမှူးကြီး တင်မျိုးအောင်(မြန်မာ့လက်ရွေးစင်ဟောင်း)၊ ဦးစိုးညွန့်ကျောင်းအုပ်ကြီး **စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ✳**

# အပြည်ပြည်ဆိုင်ရာ ရိုးမ-ရန်ကုန် မာရသွန်ပြိုင်ပွဲ ပြည်တွင်း ပြည်ပကစားသမား ၉၀၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် ဇန်နဝါရီ ၂၀**
ယခုနှစ်၏ ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကြီးကို ယနေ့နံနက် အရုဏ်တက်ချိန်မှစ၍ ကီလိုတန်းလေးခုဖြင့် ရန်ကုန်မြို့ သုဝဏ္ဏပြိုင်ပွဲရုံ(၁)ရှေ့ မုခ်ဦးမှ စတင်တာလွှတ်ကာ ပြိုင်ပွဲဝင် ပြည်တွင်းပြည်ပ ကစားသမား ၈၉၈၈ ဦးအနက် ကင်ညာနိုင်ငံသားအပြေးသမားများက ပြိုင်ပွဲ၏အမြင့်ဆုံးဆုများကို ဆွတ်ခူးသွားကြောင်း သိရသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ○**




အပြည်ပြည်ဆိုင်ရာ ရိုးမ-ရန်ကုန် မာရသွန်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများ ယှဉ်ပြိုင်နေကြစဉ်။

